# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၀၄)


# ပြည်နယ် လူမှုစီးပွား တိုးတက်စေသည့် ရှမ်း(တောင်ပိုင်း)မှ လမ်းကွန်ရက်များ

ပေပေါင်း ၂၀၀၀ မှ ၈၀၀၀ ကျော်အထိ မြင့်မားသော ရှမ်းတောင်တန်းများက တစ်တောင်နှင့်တစ်တောင် ယှက်နွယ်နေသည်။ ထိုသို့ မြင့်မားသော ရှမ်းတောင်တန်းများကိုကျော်ဖြတ်ပြီး လမ်းတံတားများ ဆောင်ရွက်ရသည်မှာ မြေပြင် မြေပြန့်တွင် ဆောင်ရွက်ရသည်လောက် လွယ်ကူမှုမရှိနိုင်။ သို့ရာတွင် မြင့်မားပြီး ကျောက်တုံး ကျောက်ဆောင်များ၊ လျှိုများ၊ ချောက်များ တည်ရှိနေသော တောင်တန်းများက ပြည်သူများ ဆက်သွယ်သွားလာရေးတွင် အတားအဆီးမဖြစ်စေရန် လမ်းကွန်ရက်များဖြင့် လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ❑



ကျောက်တန်း- ဖက်နမ်- ပင်လုံလမ်း (၃ ဒသမ ၆၆ မိုင်) ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း | ဥပဒေ | စာ - ၂

နိုင်ငံရေးပါတီ (၂၃) ပါတီ၏ ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက် | ပြည်တွင်းသတင်း | စာ - ၄

နှစ်ခါပြန်မစဉ်းစားသင့်တဲ့ ဖိတ်ခေါ်ချက်နှင့်အတူ ခင်းထားသော ငြိမ်းချမ်းရေးပန်းခင်း | ဆောင်းပါး | စာ - ၆

တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန် အသိပေးကြေညာခြင်း | ပြည်တွင်းသတင်း | စာ - ၁၂

စဉ်ဆက်မပြတ် ထိန်းသိမ်းကြရမည့် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ | ဆောင်းပါး | စာ - ၁၆







မိကျောင်း မိတ်လိုက်ရာသီ၌ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအနီးတွင် မိကျောင်းအန္တရာယ်ရှိနေ | ပြည်တွင်းသတင်း | စာ - ၂၃

# သမ္မာအာဇီဝ မျှတဖို့လို

ဈေးနှုန်းမြင့်တင် ဈေးကစားသည့်အလုပ်ကို ဝိသမလောဘသား စီးပွားရေးသမားအချို့က လုပ်လေ့လုပ်ထရှိသည်။ ပုံမှန်ရောင်းဝယ်၍ ပုံမှန်အကျိုးအမြတ်ရနေခြင်းကို အားမရနိုင်ဘဲ ဈေးကွက်တွင် ဝယ်လိုအားမြင့်လာအောင် လှုပ်ခတ်စေကာ ပုံမှန်ထက်များစွာအမြတ်တင်၍ အချိန်တိုတိုအတွင်း အချီကြီးအပွကြံကြခြင်းဖြစ်သည်။ ဈေးကွက်ကို ချုပ်ကိုင်နိုင်သူ လူလက်တစ်ဆုပ်စာတို့ ခေါင်းချင်းဆိုင်ညှိနှိုင်းတိုင်ပင်ကြကာ တစ်နံနက်စာမျှ ဈေးကစားလိုက်ရုံမျှဖြင့် ၎င်းတို့အဖို့ ခနဉ္စာပိုင်ဆိုင်မှုအဆများစွာတိုးပွားနိုင်သည်ဖြစ်ရာ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန် စသော အခြေခံစားသောက်ကုန်လောက၊ ဒေါ်လာအပါအဝင် နိုင်ငံခြားငွေလောက၊ ဆေးနှင့်ဆေးပစ္စည်းလောကတို့မှ ဝိသမလောဘသမားတို့၏ ဈေးကစားမှုများစွာကို တွေ့ရလေ့ရှိသည်။ ကိုဗစ်-၁၉ ရောဂါ အပြင်းအထန် ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေချိန်တွင် ယင်းရောဂါနှင့် ဆက်စပ်သည့် ဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများအပေါ် ဈေးကစားခဲ့မှုများက ဝိသမလောဘသားတို့၏ ကျင့်ဝတ်ကင်းမဲ့မှု သာဓကတစ်ခုပင်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပြည်သူအများစု စားသုံးနေကြသည့် စားအုန်းဆီနှင့် စပ်လျဉ်း၍ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားအုန်းဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ထားသည်။ ကမ္ဘာ့စားအုန်းဆီဈေးနှုန်းဖြစ်ပေါ်မှုကို အခြေခံတွက်ချက်ရရှိသည့် ရည်ညွှန်းလက်ကားဈေးနှုန်း အပတ်စဉ်ထုတ်ပြန်ချက်အရ ယခုအပတ် ရန်ကုန်အထိုင်ဈေး တစ်ပိဿာလက်ကားဈေးနှုန်း ၅၆၂၀ ဖြစ်ပြီး စားသုံးသူများ၏ လက်လီဈေးကွက်တွင် တစ်ပိဿာလျှင် ကျပ် ၆၀၀၀ မှ ၇၅၀၀ ဝန်းကျင် ရောင်းချလျက်ရှိသည်။ ယင်းဈေးနှုန်းသည်ပင်လျှင် ဝင်ငွေနည်းအခြေခံလူတန်းစား ပြည်သူများအဖို့ ထောင်းလှပြီဖြစ်ရာ ကမ္ဘာ့စားအုန်းဆီသတင်းများကို ချဲ့ကား၍ ထုတ်လွှင့်ပြီး ပြည်တွင်းစားသုံးဆီဈေးကွက်တွင် ပွဲလှန့်၍ ဖျာခင်းရန် ကြံစည်ကြိုးပမ်းခြင်းက စားသုံးသူပြည်သူလူထုကို ညှဉ်းပန်း၍ မိမိအတွက် အကျိုးအမြတ်ကြီးကြီးရှာခြင်းပင်ဖြစ်သည်။

လတ်တလောကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့မှာ ကမ္ဘာ့နိုင်ငံကြီးများအကြား ဖြစ်ပွားနေသည့် ဖြစ်ရပ်များနှင့် ဆက်စပ်ကာ နိုင်ငံအသီးသီးတို့ ရိုက်ခတ်ခံနေရခြင်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် စက်သုံးဆီနှင့် စားသုံးဆီတို့ကို ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်ရာ ကမ္ဘာ့နိုင်ငံရေးအခြေအနေများ၏ ဂယက်ရိုက်ခတ်မှုတို့ အထိုက်အလျောက်ရှိသော်လည်း ဝယ်ယူတင်သွင်းရောင်းချသူ လုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်လည်း သင့်မြတ်အောင်ရယူ ပြည်သူလူထုကိုလည်း စာနာထောက်ထားခြင်းဖြင့် သမ္မာအာဇီဝဖြစ်ကြဖို့လိုသည်။

ပြည်တွင်းရှိ စားအုန်းဆီသိုလှောင်ကန်များတွင် ရှိနေသော ဆီလက်ကျန်၊ အနယ်နယ်အရပ်ရပ်သို့ နေ့စဉ်ပုံမှန်ဖြန့်ဖြူးရောင်းချပေးနေမှု၊ ပြည်ပမှ စားအုန်းဆီသင်္ဘောများ ပုံမှန်ဝင်ရောက်နေမှုတို့မှာ ပြည်တွင်းစားသုံးသူများ စိုးရိမ်ပူပန်စေရန် အခြေအနေမဟုတ်သကဲ့သို့ ပြည်ပမှ တင်သွင်းသည့် စားသုံးဆီများ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ ဈေးကွက်တည်ငြိမ်ရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ပြည်သူများဝယ်ယူရရှိရေးအတွက် သက်ဆိုင်ရာက စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်ကို ကြိုဆိုအပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်၊ ၄၀ /၂၀၂၂
၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦး ပါဝင်သော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းရာတွင် -

(က) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက်မှ ၁၀ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်-

(၁) အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ၊

(၂) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။

(ခ) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း၊ အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အငြိမ်းစား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက်မှ ၁၀ ဦးကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဂ) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက်မှ ၁၅ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်-

(၁) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ၊

(၂) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။"

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) နာယကအဖွဲ့သည် လက်ရှိကောင်စီ သက်တမ်းကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကောင်စီအသစ်ကို ဥပဒေနှင့်အညီ ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းစေရမည်။"

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) လက်ရှိကောင်စီသည် ကောင်စီအသစ် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မစ္စတာ လင်ဇီ ကင်မ်ဝိုး ကစ်ပ်တီနက်စ် အား မြန်မာနိုင်ငံဆိုင်ရာ ကင်ညာသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဧပြီ ၂၆**

မစ္စတာ လင်ဇီ ကင်မ်ဝိုး ကစ်ပ်တီနက်စ် အား ဇန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကင်ညာသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ကင်ညာသမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ လင်ဇီ ကင်မ်ဝိုး ကစ်ပ်တီနက်စ် ကို ၁၉၆၈ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်တွင် မွားတက္ကသိုလ်မှ ပညာရေးဘွဲ့ကို လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် နိုင်ရိုဘီတက္ကသိုလ်မှ သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေးဘွဲ့လွန်ဒီပလိုမာကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် တူရကီနိုင်ငံ ဟက်ဆက်တက်ပ်တက္ကသိုလ်မှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်မှစတင်ကာ နိုင်ရိုဘီတက္ကသိုလ်တွင် နိုင်ငံတကာလေ့လာရေးဆိုင်ရာ မဟာဘွဲ့အတွက် ကျမ်းပြုစုရေးသားလျက်ရှိသည်။ ၎င်းသည် ၁၉၉၃ ခုနှစ် မှ ၁၉၉၅ ခုနှစ်အထိ ဆာဂေါ့ အလယ်တန်းကျောင်းတွင် ကျောင်းဆရာ/ ဒုတိယကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ၁၉၉၅ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ခရိုင်တာဝန်ခံအရာရှိအဖြစ် ထမ်းဆောင်ခဲ့ပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုအသိုက်အဝန်းများကို လှုံ့ဆော်ရေး၊ ပဋိပက္ခဖြေရှင်းရေးနှင့် အရင်းအမြစ်စီမံခန့်ခွဲရေး စသည့်ကိစ္စရပ်များတွင် သမ္မတ၏ ကိုယ်စားလှယ်အဖြစ် တာဝန်ယူခဲ့သည်။

မစ္စတာ လင်ဇီ ကင်မ်ဝိုး ကစ်ပ်တီနက်စ် သည် ၂၀၀၃ ခုနှစ်တွင် ကင်ညာနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ကင်ညာနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘော့စ်ဝါနာနိုင်ငံရှိ ကင်ညာမဟာမင်းကြီးရုံး၊ ဆူဒန်နိုင်ငံရှိ ကင်ညာသံရုံးနှင့် တူရကီနိုင်ငံရှိ ကင်ညာသံရုံးတို့တွင်လည်းကောင်း၊ အစိုးရများအကြား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဖွဲ့အစည်းတွင်လည်းကောင်း သံတမန်ရာထူးအသီးသီးဖြင့် ၂၀၁၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကင်ညာနိုင်ငံခြားရေးဝန်ကြီးဌာန၊ အတွင်းဝန်ရုံး၌ ဒုတိယအကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အာရှ၊ ဩစတြေးလျနှင့် ပစိဖိတ်ကျွန်းနိုင်ငံများဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးရာထူးများဖြင့် တာဝန်များ အသီးသီးထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၂၁ ခုနှစ်မှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။


၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ကာ သားသမီး လေးဦးရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းနှင့် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E. Mr.Somsak Thepsutin တို့ ဘန်ကောက်မြို့၌ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး တိုးမြှင့်ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဧပြီ ၂၆

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E.Mr. Somsak Thepsutin ၏ ဖိတ်ကြားချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရန် ဧပြီ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာအမျိုးသား လေကြောင်းဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာသွားသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းနှင့် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E. Mr.Somsak Thepsutin တို့ တွေ့ဆုံဆွေးနွေးစဉ်။

### ဆက်လက်ပူးပေါင်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E.Mr.Somsak Thepsutinနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ယခုလက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 1511/22 ၏ အောင်မြင်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB) မှ မူးယစ်ဆေးဝါးပြစ်မှုများနှင့် ဆက်နွယ်၍ သိမ်းဆည်းထားရှိသော ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲပုံအဆင့်ဆင့်နှင့်အတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာအသုံးပြု ဖော်ထုတ်ဆောင်ရွက်နေမှု၊ သိမ်းဆည်းထားသည့် ဘဏ္ဍာသိမ်းပစ္စည်းများ လေလံတင်ရောင်းချမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘန်ကောက်မြို့ရှိ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့၏ ဆိုင်မိုင်နယ်မြေရဲစခန်းနှင့် ရေကြောင်းရဲတပ်ဖွဲ့တို့မှ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်နေမှု၊ ရဲတပ်ဖွဲ့ဝင်များ၏ နေထိုင်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ရေး ဆောင်ရွက်ပေးမှုကို ကြည့်ရှုလေ့လာခဲ့သည်။

### သဘောတူ ဆွေးနွေးဆုံးဖြတ်

ခရီးစဉ်တွင် အတူလိုက်ပါသွားသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲ စေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ဧပြီ ၂၂ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Anantra Siam Bangkok Hotel အစည်းအဝေးခန်းမ၌ ထိုင်းနိုင်ငံမှ အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသည့် (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဒေသတွင်း မူးယစ်ဆေးဝါးအခြေအနေများ၊ ရွှေတြိဂံဒေသသို့ ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှု ထိန်းချုပ်ရေး၊ ဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံများသို့ မူးယစ်ဆေးဝါးများ ပျံ့နှံ့မှုမရှိစေရေး၊ နှစ်နိုင်ငံ အလိုရှိ တရားခံများ ဖော်ထုတ်ဖမ်းဆီးရေးကိစ္စရပ်များ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အရာရှိများ၏ စွမ်းရည် မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ လူငယ်များအကြား မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးရေးကိစ္စရပ်များနှင့် (၂၄)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးကိစ္စရပ်များကို သဘောတူ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၅ ရက် ညနေပိုင်းတွင် မြန်မာအမျိုးသား လေကြောင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် "Seminar on ASEAN-Korea Culture and Tourism" သို့ အွန်လိုင်းမှ တက်ရောက်

နေပြည်တော် ဧပြီ ၂၆

**အာဆီယံ – ကိုရီးယားဗဟိုဌာန၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့နှင့် Travie Magazine တို့မှကြီးမှူး၍ "Seminar on ASEAN–Korea Culture and Tourism" ဆွေးနွေးပွဲကို "ဒစ်ဂျစ်တယ် နည်းပညာဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ကြံ့ကြံ့ခံတုံ့ပြန်နိုင်စွမ်းရှိသော ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ခြင်း" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် တာဝန်ရှိသူများနှင့်အတူ အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။** (ယာပုံ)



### အဖွင့်အမှာစကားပြောကြား

ဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်တွင် အာဆီယံ–ကိုရီးယားဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. KIM Hae–yong က ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့် အခြားဆက်စပ်သောကဏ္ဍများ ထိခိုက်ခံစားခဲ့ရမှု၊ ကိုဗစ်–၁၉ အလွန် ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်လာရန် ကြိုးစားရေးနှင့် တွေ့ကြုံရသောစိန်ခေါ်မှုများ၊ အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုခြင်းမှတစ်ဆင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း တည်ထောင်ခြင်းတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. AHN Young–bae က ကြံ့ကြံ့ခံတုံ့ပြန်နိုင်စွမ်းရှိပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုကာ တည်ဆောက်ရေး၊ အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့အကြား အနာဂတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်း ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။ ဆက်လက်၍ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (OECD) ၏ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ Mr. Sergio Guerreiro က Smart Tourism ဖော်ဆောင်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာ၏အရေးပါမှု၊ OECD အဖွဲ့အစည်း၏ ခရီးသွားလုပ်ငန်း ကဏ္ဍဆိုင်ရာ အကောင်အထည်ဖော်မှု၊ ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သောအချက်များနှင့် အစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ အရေးကြီးသောအခန်းကဏ္ဍများ၊ ဒစ်ဂျစ်တယ်နည်းပညာ အသုံးချခြင်းကြောင့် ရရှိနိုင်သော အခွင့်အလမ်းများ၊ အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

### ခေါင်းစဉ်များအလိုက် ဆွေးနွေး

ထို့နောက် သက်ဆိုင်ရာနယ်ပယ်ရှိ ပညာရှင်များက ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း နည်းလမ်းများဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများကို ဖြေရှင်းကျော်လွှားခြင်းဆိုင်ရာ အတွေ့အကြုံများနှင့် ကြံ့ကြံ့ခံတုံ့ပြန်နိုင်သော အနာဂတ်ခရီးသွား လုပ်ငန်းများ ဖော်ဆောင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများ၏ အရေးပါပုံများ စသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးတင်ပြကြပြီး ရလဒ်များအပေါ် ပြန်လည်သုံးသပ်တင်ပြကြကာ ဆွေးနွေးပွဲ ပထမနေ့ကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့သည်။

ဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ယနေ့တွင် ဒစ်ဂျစ်တယ် ခရီးသွားလုပ်ငန်း အလားအလာများနှင့် ဒစ်ဂျစ်တယ်ခရီးသွားဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ ဘာသာရပ်များကို ဆက်လက်ဆွေးနွေးကြမည် ဖြစ်သည်။

### ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်

ယခု ဆွေးနွေးပွဲအား ဧပြီ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အာဆီယံနှင့် ကိုရီးယား ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရာတွင် Smart Tourism ဆိုင်ရာမဟာဗျူဟာအစီအစဉ်များ ချမှတ်ရေးဆွဲနိုင်ရေးနှင့် အာဆီယံနှင့် ကိုရီးယား ခရီးသွားလုပ်ငန်းများ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တက္ကသိုလ် ကောလိပ်များနှင့် သင်တန်းကျောင်းများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# AHA Centre မှတစ်ဆင့် လျှုဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဧပြီ ၂၆

"AHA Centre မှတစ်ဆင့် လျှုဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ လူသားချင်းစာနာထောက်ထားမှုအကူအညီများ လက်ခံခြင်းနှင့် နိုင်ငံတစ်ဝန်း ဖြန့်ဖြူးခြင်းလုပ်ငန်းများ အကောင်အထည်ဖော်မှု အတွေ့အကြုံများအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။ အစည်းအဝေး၌ ကမ္ဘောဒီးယားကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်စဉ်တွင် တွေ့ဆုံဆွေးနွေးခဲ့မှုများ၏ ရလဒ်များကို မှတ်သားခဲ့ကြသည်။ အစည်းအဝေး၌ ဒုတိယအဆင့် အကူအညီများအတွက် ကမ္ဘောဒီးယားမှ အဆိုပြုလာသည့် ဦးဆောင်ဦးရွက်ပြုမှုများ၊ ဒုတိယအဆင့်အကူအညီများအတွက် ပထမဆုံးအဆင့်ဖြစ်သည့် ပူးတွဲလေ့လာဆန်းစစ်မှုဆောင်ရွက်ခြင်းနှင့် မူဝါဒဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေး၌ လူသားချင်းစာနာထောက်ထားမှုအကူအညီလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကမ္ဘောဒီးယားနိုင်ငံ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့နှင့် ပူးပေါင်းလျက် ဆက်လက်ကူညီဆောင်ရွက်သွားရန် ထပ်လောင်း အတည်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီ (၂၃) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ (၂၃) ပါတီ၏**

**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**

**၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၆) ရက်**

**၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၁) ရက်**

၁။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းနှင့်အမျှဖြစ်သော လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်တိုင် ရုပ်မြင်သံကြားမှ ဖိတ်ခေါ်ခဲ့ပါသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကို တိုက်ရိုက်ရည်ညွှန်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်တော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင် ရုပ်သံလွှင့်ကမ်းလှမ်းမှုက ပဋိပက္ခချုပ်ငြိမ်းရေး ရည်မှန်းချက်အပေါ် အလေးအနက်ထားမှုကို ဖော်ညွှန်းလျက်ရှိပါသည်။

၃။ ဖိတ်ခေါ်ကမ်းလှမ်းချက်တွင် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်ကို ရှင်းလင်းစွာ တွေ့မြင်ရပါသည်။

၄။ ငြိမ်းချမ်းရေးတည်ဆောက်မှု အောင်မြင်ရန်အတွက် အမှန်တကယ် ငြိမ်းချမ်းရေးရယူလိုစိတ်ရှိရန်သည် အခြေခံလိုအပ်ချက်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရန် စိတ်ရင်းစေတနာဖြင့် ကြိုးပမ်းမှုအားလုံးကို လှိုက်လှဲစွာ ကြိုဆိုပါသည်။

၅။ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ လုံခြုံမှု၊ စီးပွားဖွံ့ဖြိုးမှု၊ ချမ်းမြေ့ပျော်ရွှင်မှုတို့ကို ရှေးရှုလျက် သက်ဆိုင်သူအားလုံးက စိတ်ရင်းစေတနာဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

| စဉ် အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|
| ၁။ ဦးသန်းဌေး | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | - |
| ၂။ ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | - |
| ၃။ ဦးသန်းထွန်း | ဒုဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ | - |
| ၄။ ဒေါက်တာနေဇင်လတ် | ဥက္ကဋ္ဌ | အမျိုးသားတိုးတက်ရေးပါတီ | - |
| ၅။ ဦးတင်ဆွေ | ဒုဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | - |
| ၆။ ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | - |
| ၇။ ဦးသိမ်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | - |
| ၈။ ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | - |
| ၉။ ဦးရွှေမင်း(ခေါ်) ဆီဖာလာလူး | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | - |
| ၁၀။ ဦးမျိုးညွန့် | ဥက္ကဋ္ဌ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | - |
| ၁၁။ ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | - |
| ၁၂။ ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - |
| ၁၃။ ဦးဌေးအောင် | ဥက္ကဋ္ဌ | ပြည်သူ့အင်အားပါတီ | - |
| ၁၄။ ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | - |
| ၁၅။ ဦးသောင်းဦး | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ | - |
| ၁၆။ ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးပါတီ(UNFNP) | - |
| ၁၇။ ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ | - |
| ၁၈။ ဦးကျော်စိန် | ဥက္ကဋ္ဌ | အမျိုးသားတိုးတက်မြင့်မားရေးပါတီ | - |
| ၁၉။ ဦးအောင်သန်း | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်ထောင်စုပါတီ | - |
| ၂၀။ ဦးကျော်ထွန်းခိုင် | ဒုဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - |
| ၂၁။ ဦးသန်းဦး | ဒုဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | - |
| ၂၂။ ဦးစောလွင်ငယ် | ဒုဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | - |
| ၂၃။ ဦးတန်ဂွန်း | ထွေ တွင်း/မှူး | လူထုပါတီ | - |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းကို ကြိုဆိုထောက်ခံသည့် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ်၊ ဧပြီ (၂၂)ရက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။

အဆိုပါ မိန့်ခွန်းတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး (၇၅) နှစ်တာကာလအတွင်း လွတ်လပ်ရေး၏ အနှစ်သာရများကို တိုင်းရင်းသားများ အပြည့်အဝမခံစားရသေးသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းရေးရရှိစေရန်နှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန် ရည်ရွယ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင် (၂) ဦးစီ တက်ရောက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနှိုးဆော်ချက်ဖြစ်သဖြင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ နိုင်ငံရေးပါတီ ၂၃ ပါတီ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာ့အမျိုးသားရေးကွန်ရက်တို့က ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက်များကို ယနေ့တွင် အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ခေါ်ကမ်းလှမ်းချက်အား ထောက်ခံခြင်း

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘောထားထုတ်ပြန်ချက်

၁၃၈၄ ခု၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၆) ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားရာ၌ ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးနှစ်အဖြစ် တွေ့ဆုံညှိနှိုင်းသွားရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင် (၂) ဦးစီ တက်ရောက်ကြရန် ဖိတ်ခေါ်ကြောင်း ဖော်ပြထားပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက် (ဖိတ်ခေါ်ချက်) သည် စစ်မှန်သောငြိမ်းချမ်းရေး ရရှိစေရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဖော်ဆောင်ခြင်းဖြစ်ပါသဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) မှ လေးနက်စွာ ကြိုဆိုထောက်ခံအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂) ရက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်း၌ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး (၇၅)နှစ်တာကာလအတွင်း လွတ်လပ်ရေး၏ အနှစ်သာရများကို တိုင်းရင်းသားများ အပြည့်အဝ မခံစားရသေးသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးနှစ်အဖြစ် တွေ့ဆုံညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင် (၂) ဦးစီ တက်ရောက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တလျက်ရှိသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့၏အရသာကို ရရှိခံစားနိုင်ရေးအတွက် ကမ်းလှမ်းနှိုးဆော်ချက်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က လှိုက်လှဲစွာ ကြိုဆိုထောက်ခံကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ကြေညာ

(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၂၀၂၂)ခုနှစ်၊ ဧပြီလ(၂၂) ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့ပါသည်။

(၂) (၂၀၂၂)ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

(၃) ထိုသို့ပြောကြားချက်သည် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အရသာကို ခံစားနိုင်ရေးအတွက် ရှေးရှုဖော်ဆောင်ခြင်း ဖြစ်ပါသည်။ “ ရုပ်ရှင်သည် ပြည်သူ့အတွက် ” ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူများ လိုလားတောင့်တသော ငြိမ်းချမ်းရေးလုပ်ဆောင်မှုကို ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

မြန်မာ့အမျိုးသားရေးကွန်ရက်
Myanmar National Network

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

ရက်စွဲ ။ ။ ၂၆-၄-၂၀၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ၂၂-၄-၂၀၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအားလုံးကို ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် ငြိမ်းချမ်းရေးမိန့်ခွန်းတွင် ၇၅ နှစ် ကြာပြီဖြစ်တဲ့ လွတ်လပ်ရေးရဲ့ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးတာကို လက်ရှိပကတိဖြစ်ရပ်များက ပြဆိုနေကြောင်း၊ အဓိကအကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ကြောင်း၊ ဒါကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့ အနှစ်သာရ၊ လွတ်လပ်ရေးရဲ့ အနှစ်သာရကို အပြည့်အဝ ခံစားနိုင်မှာဖြစ်ကြောင်း ပြောကြားထားသည်ကို တွေ့ရပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအနေဖြင့် ကိုယ်တိုင်တက်ရောက်ရန်နှင့် ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် တွေ့ဆုံမည်ဖြစ်ပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားမည်ဟူသော ဖိတ်ခေါ်မှုမျိုးဖြင့် ဖိတ်ခေါ်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ဖိတ်ခေါ်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ခေါ်မှုသည် အပြုသဘောဆန်သော ဖိတ်ခေါ်မှုဖြစ်သည့်အတွက် ကြိုဆိုထောက်ခံရမည်ဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များအနေဖြင့်လည်း ရိုးသားပွင့်လင်းစွာ ပြည်သူ့အကျိုးကိုရှေးရှု၍ လက်နက်ကိုင်ပဋိပက္ခများကြောင့် အဘက်ဘက်မှ နိမ့်ကျနေသော တိုင်းပြည်အခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ငြိမ်းချမ်းရေးမှတစ်ဆင့် တက်လှမ်းကြမည်ဖြစ်ရာ တိုင်းပြည်၏ အဓိက လိုအပ်ချက်ဖြစ်သော “ငြိမ်းချမ်းရေးရရှိဖို့ ရိုးသားပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြရန်” အလေးအနက် တိုက်တွန်းတောင်းဆိုပါသည်။

Myanmar National Network

ဒေါ်အေးလေး
(ဥက္ကဋ္ဌ)

နောင်တော်လေး
(အထွေထွေအတွင်းရေးမှူး)

# နှစ်ခါပြန်မစဉ်းစားသင့်တဲ့ ဖိတ်ခေါ်ချက်နှင့်အတူ ခင်းထားသော ငြိမ်းချမ်းရေးပန်းခင်း

တိုင်းရင်းသားပြည်သူတစ်ဦး

**အချိန်အခါသင့်၍ ပြုသင့်ပြုထိုက်သည့် ငြိမ်းချမ်းရေးကမ်းလှမ်းချက်တစ်ခု၊ ကမ်းလှမ်းလိုက်ပါပြီ။**

မလွတ်တမ်းဆုပ်ကိုင်သင့်သည့် အခွင့်အလမ်းကောင်း တစ်ခု။ အနည်းဆုံးတော့ ကိုယ့်ဒေသက ကိုယ့်အမျိုး ကိုယ့်တိုင်းရင်းသား လူမမည်ကလေးသူငယ် လူငယ်လူရွယ်တွေ၊ ဒုက္ခန္တွင်း သက်ဆင်းနေရတဲ့ အမျိုးသမီးတွေ၊ အဘိုးတွေအဘွားတွေ၊ ပြီးတော့တစ်နိုင်ငံလုံးက တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ၊ စုပေါင်းနေထိုင်ကြတဲ့ ဒို့အမျိုးတွေ အားလုံးအတွက် စဉ်းစားရမည့်၊ ပြည်ထောင်စုကြီးအတွက် စဉ်းစားရမည့် အချိန်အခါသင့်ပါပြီ။

လွတ်လပ်ရေးရပြီးကတည်းက မငြိမ်းချမ်းသေးတာ၊ ငြိမ်းချမ်းခြင်းရဲ့ အသီးအပွင့်တွေဆိုတာ ဘာမှန်းမသိ၊ ကင်ဆာလိုအမြစ်တွယ်နေတဲ့ စစ်ပွဲတွေကို အပြီးသတ် ချုပ်ငြိမ်းပါစေဆိုတဲ့ စေတနာနှင့်ဖြစ်သည်။ အထူးသဖြင့်တော့ နယ်စွန်နယ်ဖျားတွင် ယခုလက်နက်ကိုင်အဖွဲ့အစည်းတွေရှိနေတဲ့ ဒေသတွေက ကိုယ့်အမျိုးတွေမျက်နှာကို ပို၍ အလေးထား ထောက်ရှုသင့်ပါပြီ၊ လက်နက်တွေဘေးချပြီး စားပွဲဝိုင်းမှာ အဖြေရှာကြဖို့ အချိန်ရောက်ပါပြီဟုသာ ဆိုလိုက်ချင်ပါသည်။

## အားလုံးကအပြုသဘော မျှော်လင့်နေကြပြီ

ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ချက်များသည် ယခုအကြိမ်နှင့်ပါဆိုလျှင် သုံးကြိမ်မြောက် ရှိပြီဖြစ်သည်။ ယခုလိုကာလတွင် ဤလိုကမ်းလှမ်းချက်မျိုးကို တိုင်းရင်းသားတွေက ပို၍မျှော်လင့်ချက်ထားကြမည်ဖြစ်သလို ပြည်သူအားလုံးကလည်း ဝမ်းပန်းတသာကြိုဆိုနေကြမည်သာဖြစ်သည်။ အပြုသဘောဆောင်သော မင်္ဂလာသတင်းအပေါ် အပေါင်းလက္ခဏာဆောင်သော အမြင်များ၊ အပြောများကို ပို၍ကြားနေမြင်နေရသည်။ လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း ပြည်သူများ၏အသံကို ပို၍ဂရုစိုက် နားထောင်သင့်ကြပါသည်။

ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းရင်းသားတွေအတွက် တကယ်တမ်းစေတနာထားသည့် မည်သည့် တိုင်းရင်းသားလက်နက်ကိုင်မဆို လက်မလွတ်သင့်သည့် အခွင့်အရေးကောင်း တစ်ခုဖြစ်သည်။ စားပွဲဝိုင်းမှာ သံသယမျက်လုံးများဖြင့် အဖြေမရှာဘဲ နားလည်ယုံကြည်မှုအပြည့်၊ ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် အဖြေရှာဖို့ အချိန်ရောက်ပါပြီ။ ပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒ၊ ခံစားချက်တွေကို လေးစားပြီး မိမိနေထိုင်ရာ မိမိခိုအောင်းရာ ဝန်းကျင်က စစ်ဘေးသင့်တိုင်းရင်းသားတွေကို စာနာနားလည်ကရုဏာစိတ်ဖြင့် ငြိမ်းချမ်းရေးစားပွဲဝိုင်းများဆီသို့ လာရောက်ကြဖို့၊ လောကကြီးကို ငြိမ်းချမ်းစေချင်တဲ့ စိတ်ဖြင့် ပူးပေါင်းကြဖို့ ညှိနှိုင်းကြဖို့ အားလုံးက မျှော်လင့်နေကြပါပြီ။

## တပ်မတော်နှင့်လက်တွဲ၍ လျှောက်လှမ်းစေချင်

ငြိမ်းချမ်းရေးနှင့် လက်နက်သည် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်သလို ဒီမိုကရေစီနှင့် လက်နက်ကိုင်အယူအဆ၊ ဖက်ဒရယ်နှင့်လက်နက်ဆိုသည်မှာလည်း ဆန့်ကျင်ဘက်တရားများသာဖြစ်သည်။ မငြိမ်းချမ်းသမျှ နိုင်ငံရေးမှာ တပ်မတော်၏ အခန်းကဏ္ဍဆက်ရှိနေဦးမှာဖြစ်သည်။ လက်နက်ရဲ့အရသာထက် ငြိမ်းချမ်းရေး အရသာက ပိုချိုမြိန်သည်ကို အားလုံးကသိပါသည်။ ကိုယ့်နယ်မြေနှင့်ကိုယ်၊ ကိုယ့်အပိုင်နှင့်ကိုယ် အနေအစားအဆင်ပြေရုံ၊ အာဏာတည်ဆောက်နေရုံမျှဖြင့် မပြီးသေးပါ။ ကိုယ်ပိုင်သောကိုယ့်ဒေသမှာပင် ဒေသခံတိုင်းရင်းသားတွေရဲ့ အကျိုးစီးပွားနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဘာမှမလုပ်နိုင်သေးသရွေ့ တာဝန်မကျေသလို မခံစားရဘူးလားဟု မိမိကိုယ်မိမိ မေးခွန်းထုတ်စေချင်သည်။ ထို့ကြောင့် ဦးတည်ရာမဲ့ ဆူးခင်းသောလမ်းတွင် တစ်လမ်းတည်း ရွေးလျှောက်မယ့်အစား နိုင်ငံတော်က ဖွင့်ထားသည့်လမ်း၊ ရွေးချယ်ခွင့်ပေးထားပြီး ရောက်နိုင်တဲ့လမ်းအားလုံးကို တပ်မတော်နှင့်လက်တွဲ၍ လျှောက်လှမ်းစေချင်ပါသည်။ စေတနာပါပါ လျှောက်လျှင် ရောက်ပါသည်။ ကိုယ့်ပြည်တွင်းရေး ကိုယ့်ပြဿနာ ကိုယ့်ဘာသာကိုယ် ရှင်းလို့ရပါသည်။ ဘယ်သူမှပါစရာမလို၊ ဘယ်သူ့ဩဇာမှခံစရာမလိုဟု သဘောပိုက်ရပါမည်။

## ပိတ်နေတဲ့လမ်းအားလုံးအတွက် ထွက်ပေါက်တစ်ခုအလား

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံကြီး နှစ် ၇၀ ကျော်ကြာအောင်ဖြစ်နေရတဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခန္တွမှ ရုန်းထွက်ရန် အခြေအနေကောင်းတစ်ခု ထင်ထင်ရှားရှား မြင်နေရပါပြီ။ ငြိမ်းချမ်းရေးလမ်းစ အစပျိုးမှုအကြိမ်ကြိမ်၊ အစအလယ်ကောင်းမှု အခါခါရှိခဲ့သော်လည်း နီးလျက်နဲ့ဝေး အောင်မြင်မှု လမ်းဆုံးသို့တိုင် မရောက်နိုင်သေးပါ။ ဒီတစ်ကြိမ်ဖိတ်ခေါ်ချက်ကမူ ပိတ်နေတဲ့လမ်းအားလုံးအတွက် ထွက်ပေါက်တစ်ခု ဖြစ်လေမည်လား.. အပြုသဘောတွေး၍ အားလုံးပါဝင် ချဲ့ထွင်ကြဖို့သာလိုသည်။

အတိတ်ကိုချည်းပြန်တူးဆွနေ၍မပြီးဘဲ ယခုပစ္စုပ္ပန်တည့်တည့်ကို မျက်ခြည်မပြတ် လေ့လာသုံးသပ်နေကာ အတိတ်ထက် အနာဂတ်ကို ပို၍ကြည့်ကြဖို့သင့်ပါပြီ။ အထူးအလေးထားရမည်မှာ နိုင်ငံ၏ အဖိုးတန် လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးရေးဖြစ်သည်။ ယနေ့ပစ္စုပ္ပန်တည့်တည့်မှာ ရောက်နေတဲ့ ကလေးတွေ လူငယ်တွေ၊ မွေးဖွားပြီးစ သားတွေသမီးတွေ၊ သူတို့ရဲ့အနာဂတ်နဲ့ သူတို့ပိုင်မယ့် နိုင်ငံ့အနာဂတ်အထိ မြင်ကွင်းကောင်းကောင်းဖြင့် မြင်ကြည့်မျှော်တွေးပေးကြပါဟု တောင်းဆိုလိုရင်းဖြစ်သည်။

## နိုင်ငံ့အရေး၊ ပြည်သူ့အရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်အရေး

ကိုယ်တစ်ယောက်တည်း၊ ကိုယ်တစ်ဖွဲ့တည်း ကောင်းစားဖို့မဟုတ်၊ အားလုံးအတွက် မျှမျှတတကြည့်သင့်ကြသည်။ ကိုယ့်ဘက်မပါတိုင်း ကိုယ့်အလိုမကျတိုင်း အရာရာငြင်းဆန်နေခြင်းသည် အများအတွက် မစဉ်းစားတတ်သော တစ်ဘို့တည်းသမား အတ္တများသူဟု ဆိုထိုက်သည်။ အနာဂတ်ဟုဆိုရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ် လမ်းပြမြေပုံအတိုင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို တစ်နိုင်ငံလုံးမြို့အနှံ့၊ နယ်အနှံ့ ကျင်းပပေးပြီး အနိုင်ရပါတီအား စည်းကမ်းတကျ အာဏာလွှဲပြောင်းပေးနိုင်ရေးဆိုသည်ကို မျက်ခြည်မပြတ်သင့်။ ငြိမ်းချမ်းရေးမရလျှင် ရွေးကောက်ပွဲများကို ကျင်းပပေးနိုင်မည်မဟုတ်သည်မှာ အထူးစဉ်းစားစရာမလို၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို အပတ်တကုတ်ဖော်ဆောင်နေခြင်းဖြစ်သည်။ ရွေးကောက်ပွဲပုံစံက အားလုံးပါဝင်ခွင့်ပေးထားမည့် အချိုးကျ ကိုယ်စားပြုစနစ် PR ဖြစ်နေသည်၊ ထို့အတွက် ငြိမ်းချမ်းရေးသည် နိုင်ငံ့အရေးလည်းဖြစ်သည်၊ ပြည်သူ့အရေးလည်းဖြစ်သည်သာမက ဒီမိုကရေစီနှင့် ဖက်ဒရယ်အရေးလည်းဖြစ်သည်ကို အလေးထား အတွေးပွားစေချင်လှသည်။

## ထာဝရငြိမ်းချမ်းရေးအတွက် လက်တွေ့ကျသည့်ဖိတ်ခေါ်ချက်

ယနေ့ဖိတ်ခေါ်ချက်သည် လက်ရှိ စစ်ရေးပဋိပက္ခအချို့ရှိနေသည့်ကြားမှ ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံ့အကြီးအကဲကိုယ်တိုင် တာဝန်ယူ တာဝန်ခံမှုအပြည့်ဖြင့် TV ဖန်သားပြင်ရှေ့ထွက်၊ တစ်ကမ္ဘာလုံးကသိအောင် ဖိတ်ခေါ်ပြသလိုက်ခြင်းလည်းဖြစ်သည်။ အဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်နှင့် ဦးဆောင်သူအချင်းချင်းက တိုင်းရင်းသားပြည်သူများအတွက် ရိုးသားပွင့်လင်းစွာ တွေ့ဆုံကြရန် စေတနာထက်သန်စွာဖြင့် ပန်ကြားသည့် ဖိတ်ခေါ်ချက်တစ်ခုဖြစ်သလို လက်တွေ့ကျကျ အပြီးအပြတ်အကောင်အထည်ဖော်နိုင်မည့် လမ်းစတစ်ခုအဖြစ်လည်း ပြည်သူများက မြင်နေသည်။ ဤအချက်ကို တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် ပွင့်လင်းရိုးသားစွာဖြင့် အပြုသဘော ချဉ်းကပ်လေ့လာသုံးသပ်ဖို့လိုပါသည်။ ပဋိပက္ခနှင့် အကြမ်းဖက်နည်းလမ်းများအစား ပဋိပက္ခ ချုပ်ငြိမ်းရာ အကြမ်းမဖက်လမ်းစဉ်ကို ဆွေးနွေးအဖြေရှာသင့်သည်ဟုမြင်ပါသည်။

## ငြိမ်းချမ်းရေးလိုလားသူသည်သာ နှလုံးရည်သတ္တိနှင့် ပြည့်ဝသူ

ချဉ်းကပ်မှုတိုင်းကို အဓိပ္ပာယ်ဖော်တာ မှန်ဖို့လည်း လိုပါမည်။ ပြည်သူ့မျက်နှာကြည့်၍ ကိုယ့်တိုင်းရင်းသားများ ကြီးပွားတိုးတက်ပြီး ငြိမ်းချမ်းသာယာရေးကို ထာဝရရှေးရှုနေသူများအတွက် အဓိပ္ပာယ်ကောက်ယူမှု မှားနိုင်စရာ အကြောင်းမရှိပါ။ ပြည်သူများကလည်း ငြိမ်းချမ်းရေးအတွက် နှလုံးရည်သတ္တိပြည့်ဝသူများကိုသာ တွေ့ချင် မြင်ချင်ကြသလို ငြိမ်းချမ်းရေးလိုလားသူကိုသာ ငြိမ်းချမ်းရေးအတွက် သတ္တိရှိသူဖြစ်သည်ဟု မှတ်တမ်းတင်ကြမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ လာခြင်း၊ မလာခြင်းသည် တိုင်းရင်းသားတို့ အပေါ်ထားသော တစ်ဦးချင်း တစ်ဖွဲ့ချင်း၏ စေတနာမေတ္တာသာလျှင်ဖြစ်၍ စေတနာကောင်းလျှင် ကံကောင်းမည်ဖြစ်ပြီး အကျိုးဆက်လည်း ကောင်းလာမည်ဟု များစွာမျှော်လင့်မိပါသည်။

## အခွင့်အရေးကောင်းကို အားသာချက်အဖြစ်အသုံးချစေလို

မည်သို့ပင်ဆိုစေ တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာရေးအတွက် သမိုင်းဝင် ဆွေးနွေးပွဲကြီးတစ်ခုတော့ အသေအချာဖြစ်လာတော့မည်ဟု ယုံကြည်ထားကြပါသည်။ အားလုံး၏ မျှော်လင့်ချက်ဖြစ်၍ အကောင်းဆုံး ညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်ကြမည်ဟုလည်း ယုံကြည်ထားပါသည်။ ညှိနှိုင်းမှုတိုင်းတွင် သူဖြစ်ချင်တာနဲ့ ကိုယ်ဖြစ်ချင်တာ အနီးစပ်ဆုံးဖြစ်အောင် ပြောကြဆိုကြရစမြဲဖြစ်သည်။ မဖြစ်နိုင်သော တောင်းဆိုမှုတွေနှင့် အချိန်ကုန်ပြီး ငြိမ်းချမ်းရေးကို အပျက်မခံကြပါနှင့်၊ မဖျက်ဆီးကြပါနှင့်ဟုသာ ပြည်သူများက တောင်းဆိုနေကြပါသည်။

> “အနာဂတ်ဟုဆိုရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ် လမ်းပြမြေပုံအတိုင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို တစ်နိုင်ငံလုံးမြို့အနှံ့၊ နယ်အနှံ့ ကျင်းပပေးပြီးအနိုင်ရပါတီအား စည်းကမ်းတကျ အာဏာလွှဲပြောင်းပေးနိုင်ရေးဆိုသည်ကို မျက်ခြည်မပြတ်သင့်။ ငြိမ်းချမ်းရေးမရလျှင် ရွေးကောက်ပွဲများကို ကျင်းပပေးနိုင်မည်မဟုတ်သည်မှာ အထူးစဉ်းစားစရာမလို၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို အပတ်တကုတ်ဖော်ဆောင်နေခြင်းဖြစ်သည်။ ရွေးကောက်ပွဲပုံစံက အားလုံးပါဝင်ခွင့်ပေးထားမည့် အချိုးကျ ကိုယ်စားပြုစနစ် PR ဖြစ်နေသည်၊ ထို့အတွက် ငြိမ်းချမ်းရေးသည် နိုင်ငံ့အရေးလည်းဖြစ်သည်၊ ပြည်သူ့အရေးလည်းဖြစ်သည်သာမက ဒီမိုကရေစီနှင့် ဖက်ဒရယ်အရေးလည်း ဖြစ်သည်ကို အလေးထား အတွေးပွားစေချင်လှသည်”

*စာမျက်နှာ ၇ သို့*

# မူပိုင်ခွင့်များကို ထိရောက်စွာအကာအကွယ်ပေးနိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေမည်

**နေပြည်တော် မေ ၂၆**

ကမ္ဘာ့မူပိုင်ခွင့်နေ့ (၂၀၂၂) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ကမ္ဘာ့မူပိုင်ခွင့်နေ့ အခမ်းအနားများကို ကျင်းပခဲ့ရာ ယခုအကြိမ်သည် (၈) ကြိမ်မြောက်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် ကျရောက်သည့် ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ် အခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ဦးဆောင်ကျင်းပခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

မူပိုင်ခွင့်များကိုထိရောက်စွာ အကာအကွယ်ပေးနိုင်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာစေနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်စေခြင်းဖြင့် ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာနိုင်ခြင်း၊ တီထွင်ဖန်တီးသူနှင့် သုံးစွဲသူများအကြား အကျိုးအမြတ်ကို မျှတစွာခွဲဝေခံစားစေခြင်းအားဖြင့် စာပေနှင့် အနုပညာ၊ စက်မှုလက်မှုကဏ္ဍများတွင် တီထွင်ဆန်းသစ်မှုများ ပေါ်ထွန်းလာနိုင်ခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ရာ မူပိုင်ခွင့်ကဏ္ဍအနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့မူပိုင်ခွင့်နေ့ ဆောင်ပုဒ်နှင့်အညီ ယနေ့ခေတ်လူငယ်များ အနာဂတ် ပိုမိုလှပစေမည့် ဆန်းသစ်တီထွင်မှုများ ဖန်တီးလာနိုင်စေရန် မူပိုင်ခွင့်အကာအကွယ်ပေးခြင်းစနစ် တည်ထောင်ရာတွင် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးညွန့်အောင်က အမှာစကားပြောကြားပြီး မူပိုင်ခွင့် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ် လက်ရာများနှင့် မူပိုင်ခွင့်ဦးစီးဌာန၏ လှုပ်ရှားမှု မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် ကမ္ဘာ့မူပိုင်ခွင့်နေ့ (၂၀၂၂) အထိမ်းအမှတ် ကဗျာ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများနှင့် ဂုဏ်ပြုတေး ရေးစပ်သီကုံးသူ၊ တီးခတ်ပေးခဲ့သူများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများက Inperson ဖြင့်လည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက Online ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

ယခုနှစ် ကမ္ဘာ့မူပိုင်ခွင့်နေ့ ဆောင်ပုဒ်မှာ IP and Youth; Innovating for A Better Future "မူပိုင်ခွင့်နှင့် ယနေ့လူငယ်၊ အနာဂတ်လှပစေဖို့ ဆန်းသစ်တီထွင်ကြပါစို့" ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၆၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂) နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၄၃ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၀၆၀၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၈၉၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၇၁၇၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၇၆၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခန္တီးမြို့၌ ဒေသခံပြည်သူ ၂၃၁ ဦး၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နှင့် မိုးညိုမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၅၀ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မေ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ အမိတာရာမရဲကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ရှိ စံကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်ရှိ ရှစ်မျက်နှာပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ခေမာရာမ (ကျိုင်းတုံ) ကျောင်း တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၆ မှ*

ခင်းပေးထားသောလမ်းပေါ်တွင် ဖြစ်သင့်ဖြစ်ထိုက်သော အခွင့်အရေးကိုအရယူ၍ မျှတသောတောင်းဆိုမှုများဖြင့်သာ မိမိအတွက် အားသာချက်များကို ရယူတည်ဆောက်နိုင်သည်ဟု ခံယူထားရပါမည်။

သို့ဖြစ်၍လည်း တိုင်းရင်းသားပြည်သူစစ်စစ်တွေ ကိုယ်စား "ဆိုရေးရှိက ဆိုအပ်လှသည်" ဆိုသလို နာသည်၊ မနာသည်ထား ပြောလိုက်ချင်ပါသည်။ အားလုံးဖွံ့ဖြိုးရေးအတွက် အချိန်မရှိတော့ပါ၊ အဆိပ်ပင်ကို ဆက်၍ ရေမလောင်းသင့်တော့ပါ၊ အလှတရားစစ်စစ်ကိုသာ ပြည်သူအားလုံးက မြင်လိုလှပါပြီ။ ယခုလိုကာလတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဘယ်အရာကို ဦးစားပေးရယ်လို့မရှိ၊ ကဏ္ဍအားလုံး ဘက်စုံအရေးကြီးသည်ဖြစ်၍ စည်းလုံးညီညွတ်စွာဖြင့် တက်သုတ်ရိုက်ပူးပေါင်းလုပ်ကြရမည့် အချိန်အခါပင်ဖြစ်ပါသည်။ ပြည်သူရော၊ တိုင်းရင်းသားရော၊ နိုင်ငံပါ နာလှပြီဖြစ်၍ အခွင့်အလမ်းကောင်းကို လက်မလွှတ်ဘဲ တစ်ပြိုင်တည်းတွန်းရမည့် အချိန်ရောက်ပါပြီ။ အားလုံးမှာ တာဝန်ရှိနေပါပြီ၊ ပြည်သူ့အတွက် တာဝန်ခံကြဖို့သင့်ပါပြီ။

ငြိမ်းချမ်းရေးခရီး အနီးဆုံးလမ်းဖြင့် ရောက်အောင်သွား၍ စစ်ဘောင်ကို မချဲ့ကြစေလိုတော့ပါ။ ဓမ္မနှင့် အဓမ္မအကြား မတွေဝေပါနှင့်၊ နောင်မှတရသော နောင်တသည် အကျိုးမရှိမူ၍-

- သမိုင်းတရားခံများအဖြစ်သို့ အရောက်မခံကြပါနှင့်။
- သည်းခံချုပ်တည်းစောင့်ထိန်းခြင်းတွေ များကြပါစေ။
- အမှန်သိ၍ မှန်သောလမ်းအတိုင်း လျှောက်နိုင်ကြပါစေ။
- တိုင်းရင်းသားပြည်သူ အားလုံးအတွက် ပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ကြပါစေ" ဟူ၍သာ....

အမျှော်လင့်ကြီး မျှော်လင့်နေမိပါတော့သည်။

○ **ပြည်သူ့မျက်နှာကြည့်၍ ကိုယ့်တိုင်းရင်းသားများ ကြီးပွားတိုးတက်ပြီး ငြိမ်းချမ်းသာယာရေးကို ထာဝရရှေးရှုနေသူများအတွက် အဓိပ္ပာယ်ကောက်ယူမှု မှားနိုင်စရာအကြောင်းမရှိပါ။ ပြည်သူများကလည်း ငြိမ်းချမ်းရေးအတွက် နှလုံးရည်သတ္တိပြည့်ဝသူများကိုသာ တွေ့ချင်မြင်ချင်ကြသလို ငြိမ်းချမ်းရေးလိုလားသူကိုသာ ငြိမ်းချမ်းရေးအတွက် သတ္တိရှိသူဖြစ်သည်ဟု မှတ်တမ်းတင်ကြမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ လာခြင်း၊ မလာခြင်းသည် တိုင်းရင်းသားတို့ အပေါ်ထားသော တစ်ဦးချင်း တစ်ဖွဲ့ချင်း၏ စေတနာမေတ္တာသာလျှင်ဖြစ်၍ စေတနာကောင်းလျှင် ကံကောင်းမည်ဖြစ်ပြီး အကျိုးဆက်လည်း ကောင်းလာမည်ဟု များစွာမျှော်လင့်မိ**

# ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှ သင်ခန်းစာယူစရာ

မျိုးငြိမ်းငယ်

### ယူကရိန်းသင်ခန်းစာ

ကမ္ဘာမှာ ဒီကနေ့ဖြစ်နေတဲ့ ရုရှား - ယူကရိန်း စစ်ပွဲကြောင့် ကမ္ဘာ့နိုင်ငံရေးနဲ့ စီးပွားရေးအပေါ် ဂယက်ရိုက်နေတာတွေ့ရပါတယ်။ ရုရှား-ယူကရိန်း စစ်ပွဲဖြစ်လာစေတဲ့ အကြောင်းရင်းတွေကိုကြည့်ရင် ယခင်ကတည်းက သန္ဓေတည်နေတဲ့ အကြောင်းရင်းတွေ များစွာရှိနေတာ တွေ့နိုင်ပါတယ်။

စစ်အေးခေတ်ကစလို့ ဆိုဗီယက်ယူနီယံပြိုကွဲတဲ့အထိ ရုရှားနဲ့အမေရိကန်အကြား အားပြိုင်မှုတွေက စခဲ့တာလို့ပြောရပါမယ်။ တစ်ချိန်က ယူကရိန်းနိုင်ငံဟာ ဆိုဗီယက်ပြည်ထောင်စုရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံရဲ့ ဒုတိယအကျယ်ဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်မှာတော့ ဆိုဗီယက်ယူနီယံကနေ ယူကရိန်းခွဲထွက်ခဲ့ပြီး လွတ်လပ်ရေးကြေညာခဲ့ပါတယ်။ ယူကရိန်းနိုင်ငံဟာ ရုရှားရဲ့ နိုင်ငံရေး၊ စစ်ရေးနဲ့ စီးပွားရေးအတွက် ပထဝီအနေအထားအရ အရေးပါတဲ့နေရာဖြစ်ပါတယ်။

ရုရှားရဲ့ ဒီလိုအရေးပါတဲ့ ယူကရိန်းနိုင်ငံကို အနောက်အုပ်စု နေတိုးအဖွဲ့ဝင်ဖြစ်လာဖို့ ကြိုးပမ်းနေတာကြာပါပြီ။ ယူကရိန်းနိုင်ငံရေးမှာ ဝင်စွက်ဖက်ပြီး အနောက်အုပ်စုလိုလားတဲ့ အစိုးရတစ်ရပ်ဖြစ်လာတဲ့အထိ နောက်ကွယ်ကနေ ပံ့ပိုးကူညီနေခဲ့ပါတယ်။ ယူကရိန်းနိုင်ငံသာ နေတိုးအဖွဲ့ဝင်ဖြစ်သွားခဲ့ရင် ရုရှားနိုင်ငံအတွက် အသက်ရှူပေါက် ပိတ်လိုက်သလို ဖြစ်သွားမှာပါ။ ရုရှားနိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ နယ်မြေကို မထိပါးပေမယ့် အမျိုးသားအကျိုးစီးပွားကို တိုက်ရိုက်ခြိမ်းခြောက်ခံရမှာတော့ သေချာနေပါတယ်။

ဒီတော့ ယူကရိန်းနိုင်ငံကို နေတိုးအဖွဲ့ဝင်နိုင်ငံ မဖြစ်ရေးဟာ ရုရှားအတွက် အလွန်အရေးကြီးလှပါတယ်။ ယူကရိန်းနိုင်ငံကို နေတိုးအဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုလိုက်ခြင်းဟာ ရုရှားနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးကို ထိခိုက်စေတာမို့ ယူကရိန်းကို နေတိုးအဖွဲ့ဝင်အဖြစ် ဝင်ခွင့်မပြုဖို့ ရုရှားသမ္မတပူတင်က နေတိုးအဖွဲ့ကို တောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် တောင်းဆိုချက်က မရခဲ့ပါဘူး။

ယူကရိန်းနိုင်ငံမှာ အနောက်အုပ်စု လိုလားသူ ဝန်ကြီးချုပ်ဟောင်း ဗစ်တာယူရှင်ကို ၂၀၀၅ ခုနှစ် အာဏာရယူခဲ့တုန်းက ယူကရိန်းနိုင်ငံကို ရုရှားလွှမ်းမိုးမှုကနေ ရုန်းထွက်ပြီး နေတိုးနဲ့အီးယူအဖွဲ့တို့ဆီ ဦးတည်မယ်လို့ ကတိပြုခဲ့ပါတယ်။ ယူကရိန်းကို တစ်ချိန်ချိန်မှာ အဖွဲ့ဝင်ဖြစ်လာစေရမယ်လို့ နေတိုးက ၂၀၀၈ မှာ ကတိပေးခဲ့ပါတယ်။ ယူကရိန်းသမ္မတ ဇီလန်စကီးကလည်း ယူကရိန်းနိုင်ငံကို နေတိုးအဖွဲ့ဝင်အဖြစ် လက်ခံဖို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီလက အမေရိကန်ကို မေတ္တာရပ်ခံခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ရုရှားအတွက် ရွေးချယ်စရာနည်းလမ်းက နည်းလာပါတယ်။ သံတမန်ရေးအရ ဆွေးနွေးခဲ့ကြပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလကစပြီး ရုရှားနိုင်ငံက တပ်ဖွဲ့ဝင်အင်အား တစ်သိန်းကျော်ကို ယူကရိန်းနယ်စပ်နားမှာ ဖြန့်ချထားတဲ့အထိ အခြေအနေ တင်းမာလာပေမယ့် ဆွေးနွေးမှုတွေက တိုးတက်မလာခဲ့ပါဘူး။ နောက်ဆုံး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာတော့ ရုရှားက ယူကရိန်းကို တိုက်ခိုက်ပါတော့တယ်။




သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးအကျပ်အတည်းများနှင့်ပတ်သက်၍ သမ္မတ နုတ်ထွက်ပေးရေး ဆန္ဒပြကြသူများကို တွေ့ရစဉ်။

တိုက်ခိုက်မှုတွေကြောင့် ဒီကနေ့အထိ သေဆုံးသူတွေ ထောင်နဲ့ချီရှိလာပြီး ယူကရိန်းနိုင်ငံအတွက် ပျက်စီးဆုံးရှုံးမှုတွေက များပြားလှပါတယ်။ စစ်ပွဲကြောင့်ဖြစ်လာတဲ့ စီးပွားရေးအကျိုးဆက်တွေက ရုရှား၊ ယူကရိန်းတို့အတွက်သာမကပါဘူး တစ်ကမ္ဘာလုံးကို ရိုက်ခတ်လာပါတယ်။ စစ်ပွဲနဲ့ဘယ်လိုမှ မပတ်သက်တဲ့ နိုင်ငံတွေမှာလည်း စစ်ပွဲရဲ့ဂယက်ရိုက်ခတ်နေပါတယ်။ ရုရှား-ယူကရိန်းစစ်ပွဲကြောင့် စားသောက်ကုန်ဈေးနှုန်းတွေ ၂၀ ရာခိုင်နှုန်းအထိ တက်လာနိုင်တယ်လို့ ကမ္ဘာ့ကုလသမဂ္ဂက ခန့်မှန်းထားတာကို တွေ့ရပါတယ်။ မတ်လထဲကတော့ ၁၃ ရာခိုင်နှုန်းတက်လာခဲ့ပြီး ဧပြီလထဲမှာ ၂၀ ရာခိုင်နှုန်းအထိ တက်လာနိုင်ကြောင်း ခန့်မှန်းထားပါတယ်။ ဒါဟာ စစ်ပွဲရဲ့စီးပွားရေးဆိုင်ရာ ဂယက်တစ်ခုပဲရှိပါသေးတယ်။ ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ဖြစ်လာနိုင်တဲ့ အခြားအကျိုးဆက်များလည်း ရှိနေပါသေးတယ်။

### အရင်းခံအကြောင်းရင်းတစ်ရပ်

ဒီတော့ ဒီစစ်ပွဲနဲ့တိုက်ရိုက်ပတ်သက်ရတာက ရုရှားနဲ့ ယူကရိန်း နှစ်နိုင်ငံတည်းလို့ မြင်နိုင်ပေမယ့် နောက်ကွယ်မှာတော့ အနောက်အုပ်စုနဲ့ နေတိုးအဖွဲ့တို့က ဒီစစ်ပွဲရဲ့ အရင်းခံအကြောင်းရင်းတစ်ရပ်အနေနဲ့ တွေ့ရပါတယ်။ ရုရှားနဲ့အနောက်အုပ်စုအကြားကဖြစ်လာတဲ့ ယှဉ်ပြိုင်မှုဟာ သူတို့နိုင်ငံရဲ့ နယ်မြေတွေမှာမဟုတ်ဘဲ အသုံးချခံ ယူကရိန်းနိုင်ငံရဲ့မြေပေါ်မှာ ဖြစ်နေပါတယ်။ ယူကရိန်းနိုင်ငံကို အနောက်အုပ်စုက လက်နက်မျိုးစုံထောက်ပံ့ပေးနေပါတယ်။ ရုရှားဘက်ကလည်း အဆင့်မြင့်လက်နက်တွေ အသုံးပြုလာပါတယ်။ ဆွေးနွေးမှုတွေ လုပ်နေပေမယ့် အဖြေက မရသေးပါဘူး။

ဆွေးနွေးပွဲမအောင်မြင်သရွေ့ ရုရှားက သူ့ရည်မှန်းချက်အောင်မြင်တဲ့အထိ တိုက်ခိုက်နိုင်တယ်လို့ ခန့်မှန်းရပါတယ်။ အဏုမြူလက်နက်တွေမသုံးဘူးလို့လည်း ဘယ်သူမှ တပ်အပ်မပြောနိုင်ကြပါဘူး။ အဏုမြူလက်နက်များသုံးခဲ့ရင် ယူကရိန်းပြည်သူတွေကို ဘယ်သူတွေကာကွယ်ကြမလဲ။ ဝမ်းနည်းကြောင်း စာထုတ်ရုံလောက်၊ မစို့မပို့ ထောက်ပံ့ရုံလောက်သာ မျှော်လင့်နိုင်ပါတယ်။ အခုဆိုရင် ယူကရိန်းက သေဆုံးသူတွေ ထောင်ချီရှိနေပြီး ဖြစ်သလို ထွက်ပြေးသွားတဲ့သူလည်း သန်းချီရှိနေပါပြီ။ ယူကရိန်းမြို့ကြီးတွေမှာလည်း တိုက်ပွဲဒဏ်ကြောင့် ပျက်စီးနေပါတယ်။ ဒီစစ်ပွဲကြောင့် ယူကရိန်းနိုင်ငံသားတွေ ဘာတွေအမြတ်ကျန်ကြမလဲ။ အခုဆုံးရှုံးမှုနဲ့ ရလာမယ့်အကျိုးဆက် မျှပါ့မလား။ စဉ်းစားစရာ ကောင်းလှပါတယ်။ ဒီစစ်ပွဲမှာ အင်အားကြီး နိုင်ငံတွေအကြားက ယူကရိန်းနိုင်ငံရဲ့ ရပ်တည်မှုအပေါ် မေးခွန်းထုတ်စရာပါပဲ။

နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဆိုတာ ကိုယ့်နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ ရပ်ပိုင်းဆိုင်ရာတွေသာမကပါဘူး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစတဲ့ အကျိုးစီးပွားတွေကို အခြားနိုင်ငံတွေရဲ့ ကျူးကျော်စော်ကားမှု၊ အမြတ်ထုတ်မှုကနေ ကာကွယ်ပေးဖို့ ရှင်သန်ရပ်တည်ခြင်းလို့ ယေဘုယျအားဖြင့် နားလည်လက်ခံထားကြပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံရဲ့ အကျိုးစီးပွားတွေဟာ ကျယ်ပြန့်လာသလို ဆက်နွယ်မှုတွေကလည်း ပိုမိုရှုပ်ထွေးလာပါတယ်။ ဒီလိုအချိန်မှာ အင်အားနည်းတဲ့နိုင်ငံတွေအနေနဲ့ ရှင်သန်ရပ်တည်ရေး၊ အမျိုးသားအကျိုးစီးပွား ကာကွယ်ရေး၊ အောင်မြင်ရေးတို့အတွက် ရပ်တည်ချက်နဲ့ တုံ့ပြန်မှု မှန်ကန်ဖို့ လိုလာပါတယ်။ အင်အားနည်းတဲ့နိုင်ငံတွေရဲ့ ရပ်တည်ချက် လွဲတာနဲ့အမျှ အင်အားကြီးနိုင်ငံတွေရဲ့ အသုံးချခံရတာတွေ၊ အမြတ်ထုတ်ခံရတာတွေ၊ လွှမ်းမိုးလာတာတွေ၊ ကျူးကျော်ခံရတာတွေအထိ ဖြစ်လာနိုင်တာ အခုဖြစ်နေတဲ့ ရုရှား-ယူကရိန်း ပဋိပက္ခကနေ သင်ခန်းစာယူရမှာပါ။

### သတိပြုစရာ

အထူးသဖြင့် မြန်မာနိုင်ငံလို အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြား မဟာဗျူဟာကျကျ ရှိနေတဲ့ နိုင်ငံတစ်နိုင်ငံအဖို့ ပိုပြီးသတိပြုစရာပဲဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံတွေအကြား ပဋိပက္ခတွေဖြစ်လာရင် ကမ္ဘာ့အဖွဲ့အစည်းတွေလည်း ဘာမှမတတ်နိုင်ပါဘူး။ အင်အားနည်းနိုင်ငံတွေသာ လည်စင်းခံကြရတာပါပဲ။ ယူကရိန်းနိုင်ငံက ကူပါ၊ ကယ်ပါ တစာစာအော်နေပေမယ့် လက်တွေ့မှာတော့ ပေးနေတဲ့အကူအညီတွေက နိုင်ငံပျက်စီးဆုံးရှုံးမှု၊ နိုင်ငံသားတွေရဲ့ သေကျေပျက်စီးမှုနဲ့ နောက်ဖြစ်လာမယ့် အကျိုးဆက်တွေထက်စာရင် မပြောပလောက်ပါဘူး။

ယူကရိန်းနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဆိုတာ ဘယ်သူမှမကာကွယ်ပေးနိုင်ဘူး။ ယူကရိန်းနိုင်ငံ ကိုယ်တိုင်ကပဲ ကာကွယ်မှရမှာပါ။ အစိုးရတစ်ရပ်၊ နိုင်ငံရေးစနစ်တစ်ခုဟာ အချိန်တန်ရင် ပြောင်းလဲသွားမှာဖြစ်ပေမယ့် နိုင်ငံနဲ့ နိုင်ငံသားကတော့ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ နိုင်ငံ၊ နိုင်ငံသားတွေနဲ့ သူတို့ရဲ့အကျိုးစီးပွားတွေရှိနေရင် အမျိုးသား အကျိုးစီးပွားဆိုတာ ရှိနေမှာပဲ ဖြစ်ပါတယ်။

ယူကရိန်းနိုင်ငံထဲကို ရုရှားက ဝင်တိုက်ခိုက်လို့ ပြန်လည်ခုခံတိုက်ခိုက်ရတာ မှန်ပေမယ့် ဒီလို စစ်ပွဲဖြစ်လာရင် ဘယ်သူအရင်ထိခိုက်မလဲဆိုတာကို ယူကရိန်းတို့ ထည့်မတွက်ခဲ့တာလား၊ မလွန်ဆန်နိုင်တာလား။ ဒါမှမဟုတ် သူတို့ကိုယ်တိုင် ရွေးချယ်ခဲ့ကြတာလားဆိုတာ သူတို့ပဲ သိပါလိမ့်မယ်။ နောက်ပြီး ဒီစစ်ပွဲမှာ ယူကရိန်းရဲ့ အကျိုးစီးပွားထက် အင်အားကြီးနိုင်ငံတွေရဲ့အကျိုးစီးပွားက ပိုပြီး လွှမ်းမိုးနေတာ တွေ့ရပါတယ်။ အင်အားကြီးနိုင်ငံတွေရဲ့ အကျိုးစီးပွားအောက်မှာ ယူကရိန်းနိုင်ငံသားတွေ စတေးကြရတာပါပဲ။

### သီရိလင်္ကာသင်ခန်းစာ

သီရိလင်္ကာနိုင်ငံဟာ ခရီးသွားလုပ်ငန်းကနေ နိုင်ငံခြားဝင်ငွေ အဓိကရှာဖွေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါပေမယ့် ကိုဗစ် - ၁၉ ဖြစ်ပွားချိန်မှာတော့ ခရီးသွားဝင်ရောက်မှု ကျဆင်းလာခဲ့ပြီး နိုင်ငံရဲ့ နိုင်ငံခြားဝင်ငွေကျဆင်းလာခဲ့ပါတယ်။ နိုင်ငံရဲ့နိုင်ငံခြားဝင်ငွေ ကျဆင်းလာတဲ့အကျိုးဆက်က နိုင်ငံက ပေးဆပ်ရမယ့် ကြွေးမြီတွေနဲ့ အတိုးတွေကို ပေးဆပ်ဖို့ ငွေမရှိတော့ပါဘူး။ သီရိလင်္ကာနိုင်ငံဟာ နိုင်ငံရဲ့ အခြေခံ အဆောက်အအုံတွေဖြစ်တဲ့ လမ်းတွေ၊ လေဆိပ်နဲ့ ဆိပ်ကမ်းတွေ တည်ဆောက်ဖို့အတွက် ၁၀ နှစ်တာကာလအတွင်းမှာပဲ တရုတ်နိုင်ငံဆီကနေ ဒေါ်လာ ငါးဘီလီယံကျော် ချေးယူထားပါတယ်။ သီရိလင်္ကာနိုင်ငံက ချေးငွေယူထားတဲ့အထဲမှာ နိုင်ငံတကာငွေကြေးဈေးကွက်တွေ၊ အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ ဂျပန်နိုင်ငံတို့ပြီးရင် တရုတ်နိုင်ငံဆီက အများဆုံး ချေးယူထားတာပါ။ ဒီနှစ်ထဲမှာပဲ သီရိလင်္ကာနိုင်ငံက ပေးဆပ်ရမယ့် အကြွေး ၄ ဒသမ ၅ ဘီလီယံရှိတယ်လို့ သိရပါတယ်။

စာမျက်နှာ ၉ သို့

- **အင်အားနည်းတဲ့နိုင်ငံတွေအနေနဲ့ ရှင်သန်ရပ်တည်ရေး၊ အမျိုးသားအကျိုးစီးပွား ကာကွယ်ရေး၊ အောင်မြင်ရေးတို့အတွက် ရပ်တည်ချက်နဲ့ တုံ့ပြန်မှု မှန်ကန်ဖို့ လိုလာပါတယ်။ အင်အားနည်းတဲ့နိုင်ငံတွေရဲ့ ရပ်တည်ချက် လွဲတာနဲ့အမျှ အင်အားကြီးနိုင်ငံတွေရဲ့ အသုံးချခံရတာတွေ၊ အမြတ်ထုတ်ခံရတာတွေ၊ လွှမ်းမိုးလာတာတွေ၊ ကျူးကျော်ခံရတာတွေအထိ ဖြစ်လာနိုင်**
- **ကမ္ဘာကြည့် - ကြည့်နေလို့ဆိုပြီး ကိုယ့်နိုင်ငံအခြေအနေကို မေ့ထားလို့မရပါဘူး။ ကမ္ဘာကြည့် - ကြည့်ပြီး ကိုယ့်နိုင်ငံနဲ့ကိုက်ညီအောင် လိုက်လျောညီထွေ တုံ့ပြန်နိုင်မှ နိုင်ငံနဲ့ပြည်သူတွေရဲ့အကျိုးစီးပွားကို ကာကွယ်နိုင်မှာဖြစ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအတွက် လူမှုရေးပင်စင်ထောက်ပံ့



နေပြည်တော် ဧပြီ ၂၆

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ယမန်နေ့က ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးညှိနှိုင်းခန်းမ၌ တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများနှင့်ပတ်သက်၍ အရှိန်အဟုန်မပြတ် ထိရောက်မြန်ဆန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ရမည့်အချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၃၀၃၅၀ အတွက် တစ်ဦးလျှင် နိုင်ငံတော်မှ လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၉၁၀၅၀၀၀၀၀၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ တည်ထောင်ထားရှိသော ပရဟိတဂေဟာ/ရိပ်သာများအတွက် ထောက်ပံ့ငွေကျပ် ၈၆၀၇၉၀၀၀၊ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၉၉၆၅၇၉၀၀၀ ကို ထောက်ပံ့ပေးအပ်ရာ အကျိုးခံစားခွင့်ရှိသူများကိုယ်စား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သော တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး **(ယာပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး (သိုလှောင်ရုံ) သို့ ရောက်ရှိကြပြီး ကယ်ဆယ်ရေးပစ္စည်းများ အိမ်ထောင်စု ၁၀၀၀ စာ သိုလှောင်ထားရှိမှု၊ အလှူပစ္စည်းများနှင့် ဒေသဖွံ့ဖြိုးရေးသုံး ပစ္စည်းများဖြစ်သည့် မိုးကာစ၊ သွပ်၊ မိုးကာတဲ၊ တာပေါ်လင်၊ ရေစည်စသည့် ပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ဖြန့်ခွဲထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သိုလှောင်ရုံ ကြံ့ခိုင်ကောင်းမွန်ရေး၊ ပစ္စည်းများ လေလွင့်မှုမရှိစေရေး၊ သိုလှောင်ရုံလက်စွဲအတိုင်း စနစ်တကျ ထိန်းသိမ်းထားရှိရေးနှင့် အသင့်ဖြန့်ခွဲထောက်ပံ့နိုင်ရေးတို့အတွက် ဆောင်ရွက်ရမည့် အချက်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ကျင်းပသော ပဲခူးခရိုင်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားများ ပြောကြားကြောင်း သိရသည်။

သတင်းစဉ်

# သန်လျင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အိန္ဒိယအစိုးရက ပေးပို့လှူဒါန်းသည့် ဆန်နှင့် ဂျုံအိတ်များ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၂၆**

အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ဆန်နှင့် ဂျုံအိတ်များကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဆန်သိုလှောင်ရုံ၌ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းနေမှုများကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုသို့ ပေးအပ်လှူဒါန်းရာတွင် သန်လျင်မြို့နယ် သောက်တော်ကွင်းရပ်ကွက်ရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၂၁၉ စုအတွက် ဆန်အိတ် ၂၁၉ အိတ်၊ အုတ်ဖိုစုရပ်ကွက်ရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၂၆၅ စုအတွက် ဆန်အိတ် ၂၆၅ အိတ်နှင့် အမှုထမ်းရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၄၇၁ စုအတွက် ဆန်အိတ် ၄၇၁ အိတ်တို့ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်များတွင်လည်း အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ဆန်နှင့် ဂျုံများကို ပြည်သူများ၏ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ ကျောင်းအပ်နှံရေး ကြေညာချက်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများ စာရင်းအား ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့၏ Website တွင် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ သင်တန်းကို ၁၂-၅- ၂၀၂၂ ရက်နေ့တွင် စတင် ဖွင့်လှစ်မည်ဖြစ်သဖြင့် သက်ဆိုင်ရာတက္ကသိုလ်သို့ ၂၇-၅-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ ကျောင်းအပ်နှံရမည်ဖြစ်ပါကြောင်းနှင့် ကျောင်းအပ်လက်ခံ နောက်ဆုံးရက်အထိ ကျောင်းအပ်နှံခြင်းမရှိသူများအား ဝင်ခွင့်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်ကြောင်း တက်ရောက်ခွင့်ရရှိသူများ ကြိုတင်သိရှိနိုင်ရေးအတွက် အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

*စာမျက်နှာ ၈ မှ*

ဒါပေမယ့် သီရိလင်္ကာနိုင်ငံဟာ ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလုပ်ငန်းတွေ အဆင်မပြေတဲ့အချိန်မှာ ဝင်ငွေနည်းလာပြီး အကြွေးပြန်ဆပ်ဖို့ အခက်အခဲဖြစ်လာပါတယ်။ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့်ဖြစ်လာတဲ့ ဂယက်ကြောင့် ကုန်ဈေးနှုန်းတွေလည်း တက်လာပါတယ်။ သီရိလင်္ကာနိုင်ငံဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း ၇၀ အတွင်းမှာ အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်နေရပါတယ်။ ကြွေးမြီထောင်ချောက်မှာ မိနေတယ်လို့လည်း ဆိုကြပါတယ်။ ငွေကြေးဖောင်းပွမှု စံချိန်တင် မြင့်တက်ခဲ့သလို စားသောက်ကုန်၊ လောင်စာဆီ၊ ဆေးဝါးနဲ့ အခြားလူသုံးကုန်ပစ္စည်းတွေ ပြတ်လပ်နေပြီး ဓာတ်အားပြတ်တောက်တာတွေ ဖြစ်နေပါတယ်။ ပြည်ပကနေ လိုအပ်တဲ့ကုန်ပစ္စည်းတွေတင်သွင်းဖို့ သီရိလင်္ကာအစိုးရဆီမှာ နိုင်ငံခြားငွေ ပြတ်လပ်နေတယ်လို့ သိရပါတယ်။ အဲဒီစီးပွားရေး အကျပ်အတည်းကတစ်ဆင့် နိုင်ငံရေး မကျေနပ်မှုတွေဖြစ်လာပြီး ဆန္ဒပြဆူပူမှုတွေ ဖြစ်လာပြန်ပါတယ်။

နောက်ဆက်တွဲ အကျိုးဆက်ကတော့ ဝန်ကြီး ၂၆ ဦးပါတဲ့ အစိုးရတစ်ဖွဲ့လုံး ဧပြီ ၃ ရက်က နုတ်ထွက်စာတင်ခဲ့ကြပါတယ်။ သမ္မတ ရာဂျာပက်ဆာနဲ့ သူ့ရဲ့အစ်ကို ဝန်ကြီးချုပ် မဟိန္ဒါ ရာဂျာပက်ဆာတို့တော့ မပါပါဘူး။ အခုဆို အရေးပေါ်အခြေအနေ ကြေညာထားရပါတယ်။ ဧပြီ ၁၄ ရက်ကတော့ အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းတွေကြောင့် နိုင်ငံခြားကြွေးမြီတွေကိုမဆပ်ဘဲ ယာယီဆိုင်းငံ့ထားမယ်လို့ ကြေညာခဲ့ပါတယ်။ သီရိလင်္ကာနိုင်ငံမှာ အခုဖြစ်နေတဲ့ စီးပွားရေး အကျပ်အတည်းတွေဟာ ပြည်တွင်းရေးကိစ္စတွေလို့ ဆိုနိုင်ပါတယ်။ ပြည်ပကြွေးမြီတွေ များပြားနေတဲ့အချိန်မှာ ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်တွင်းစီးပွားရေးကျဆင်းလာတာနဲ့ ရုရှား-ယူကရိန်းပဋိပက္ခရဲ့ ဂယက်တွေကြောင့် စီးပွားရေး ကျပ်တည်းမှုတွေဖြစ်လာပြီး နိုင်ငံရေးနဲ့ ပြည်တွင်းရေး မငြိမ်မသက်မှုတွေ ဖြစ်လာတာပဲ ဖြစ်ပါတယ်။

**အမြင်လည်းကျယ်၊**
**နိုင်ငံအခြေအနေနဲ့လည်း ကိုက်ညီ**

ရုရှား-ယူကရိန်းပဋိပက္ခနဲ့ သီရိလင်္ကာနိုင်ငံရဲ့ အခြေအနေနှစ်ရပ်ဟာ မတူညီကြပါဘူး။ ယူကရိန်းနိုင်ငံဟာ ကိုယ့်နိုင်ငံရဲ့ပထဝီနိုင်ငံရေးအခြေအနေကို မျက်ကွယ်ပြုလိုက်တဲ့အတွက် အင်အားကြီးနိုင်ငံတွေအကြား အားပြိုင်မှုမှာ မြေဇာပင်ဖြစ်ရတာပါ။ ကိုယ့်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့ဆိုတာထက် ကမ္ဘာ့အင်အားကြီးနိုင်ငံတွေရဲ့ ကြိုးဆွဲရာနောက် လိုက်ပါသွားတဲ့သဘောပါပဲ။ သီရိလင်္ကာနိုင်ငံကတော့ ကိုယ့်နိုင်ငံအခြေအနေနဲ့ ကမ္ဘာတစ်ဝန်းလုံးအပေါ် အကျိုးသက်ရောက်နေတဲ့ ဖြစ်ရပ်တွေအပေါ်မှာ တုံ့ပြန်နိုင်စွမ်းအားနည်းမှုလို့ ဆိုရမှာပါ။

အဲဒီဖြစ်စဉ်နှစ်ခုကိုကြည့်ရင်း Think Globally, Act Locally ဆိုတဲ့စကားကို သတိရမိပါတယ်။ ကမ္ဘာကြည့် – ကြည့်နေလို့ဆိုပြီး ကိုယ့်နိုင်ငံအခြေအနေကို မေ့ထားလို့မရပါဘူး။ ကမ္ဘာကြည့် – ကြည့်ပြီး ကိုယ့်နိုင်ငံနဲ့ကိုက်ညီအောင် လိုက်လျောညီထွေ တုံ့ပြန်နိုင်မှ နိုင်ငံနဲ့ပြည်သူတွေရဲ့အကျိုးစီးပွားကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ရုရှားနိုင်ငံအပေါ် အရေးယူမှုတွေ လုပ်ကြတဲ့ နေတိုးအုပ်စုနိုင်ငံတွေတောင်မှ ကိုယ့်နိုင်ငံရဲ့အကျိုးစီးပွားထိခိုက်လာမယ့်အရေးတွေဆို လက်ရှောင်ကြတာ တွေ့ရပါတယ်။ ဒါကိုတစ်ဖက်ကကြည့်ရင် ကျေနပ်ဖွယ်ရာမရှိပေမယ့် ကာယကံရှင်နိုင်ငံအတွက်တော့ ကိုယ့်နိုင်ငံရဲ့အကျိုးစီးပွား ကာကွယ်တာဖြစ်တဲ့အတွက် မှန်ပါလိမ့်မယ်။

ဒီဖြစ်စဉ်တွေဟာ ကျန်တဲ့အင်အားနည်းတဲ့နိုင်ငံတွေအတွက်တော့ သင်ခန်းစာယူစရာဖြစ်ပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ ဒီလိုဖြစ်စဉ်ဖြစ်ရပ်တွေက ထပ်ပြီးဖြစ်နေဦးမှာပါ။ ဒါကြောင့် ကမ္ဘာ့အခြေအနေ၊ ကိုယ့်နိုင်ငံရဲ့အခြေအနေကို ချိန်ထိုးတုံ့ပြန်နိုင်မှ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ။

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၆

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ **"တိုးချဲ့မြို့ပြစီမံကိန်းများ၊ စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များကို စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်ရန်"** ဟူသည့် လမ်းညွှန်ချက်နှင့် **"မြို့ပြစီမံကိန်းနှင့် အိုးအိမ်စီမံကိန်းများ ဖော်ဆောင်ရန် ရယူထားသော စီမံကိန်းမြေများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုနိုင်ပါက မြေကို အကျိုးရှိစွာအသုံးချ၍ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ဆောင်သွားရန်"** လမ်းညွှန်ချက်များနှင့်အညီ မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဒေသဝမ်းစာဖူလုံရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက်ကိုလည်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဖော်ထုတ်အသုံးပြုနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေမတိုင်မီကာလအထိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့် ဧရိယာဧက ၂၂ သိန်းကျော် ချထားပေးခဲ့သော်လည်း လက်တွေ့အသုံးချလုပ်ကိုင်နိုင်မှုမှာ ၂၉ ရာခိုင်နှုန်းခန့်သာ ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်တွင် စစ်ဆေးမှုများပြုလုပ်ပြီး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသည့်မြေများကို နိုင်ငံတော်က ပြန်လည်သိမ်းဆည်းမှုများ ဆောင်ရွက်နေကြောင်း၊ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်း လုပ်ပိုင်ခွင့်အသုံးပြုခွင့်ပေးထားခဲ့သည့် ဧရိယာဧက ၃ ဒသမ ၉ သိန်းခန့်အပေါ်ရှိ လုပ်ငန်းအကောင်အထည်ဖော်ရန် ခွင့်ပြုထားသည့် သတ်မှတ်ကာလ ပြည့်မြောက်ပြီဖြစ်သည့် ဧရိယာများကိုလည်း မူလလျှောက်ထားစဉ်က တင်ပြထားသည့် လုပ်ငန်းများကို စည်းကမ်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မှု ရှိ/ မရှိ စိစစ်အရေးယူဆောင်ရွက်ရန်နှင့် တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများအတိုင်း အထူးအဖွဲ့များ ဖွဲ့စည်းပြီး တိကျစွာ စစ်ဆေးဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိထားသူများ ပေးသွင်းရန် ကျန်ရှိနေသည့် မြေခွန်များကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းနိုင်ရေး ကိစ္စရပ်များကိုလည်း အမြန်ဆုံး ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းများကို အစည်းအဝေး တက်ရောက်သူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ်းလွန်ရေနံ အခြေစိုက်စခန်း(သာကေတ)သည် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်

**နေပြည်တော် မေ ၂၆**



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကမ်းလွန်ရေနံအခြေစိုက်စခန်း၏ လုပ်ငန်းဆောင်ရွက်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကမ်းလွန်ရေနံ အခြေစိုက်စခန်း(သာကေတ) သို့ ရောက်ရှိပြီး ကမ်းလွန်အခြေစိုက်စခန်းအတွင်းရှိ ဆိပ်ခံတံတားများ အဆင့်မြှင့်တင် တည်ဆောက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းနေရာများ၊ ရေလုံသင်္ဘောကျင်း (Dry Dock)၊ ပစ္စည်းစီမံဌာန ပိုက်စင်၊ ဂိုဒေါင်များနှင့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်မည့် အစီအမံများနှင့် သင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် စခန်းတာဝန်ခံ အထွေထွေမန်နေဂျာ ဦးတင်ထွန်းနိုင်တို့က လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကမ်းလွန်ရေနံ အခြေစိုက်စခန်း (သာကေတ)သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပံ့ပိုးပေးနေသော ဌာနတစ်ခုဖြစ်ပါကြောင်း၊ ရေနံလုပ်ငန်းသုံးပစ္စည်းများ ထိန်းသိမ်းသိုလှောင်ရာတွင် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယာဉ်နှင့်ယန္တရား အရန်ပစ္စည်းများအား စနစ်တကျ စာရင်းဇယားဖြင့် ထိန်းသိမ်းခြင်း၊ ဖြန့်ဝေခြင်းနှင့် ဝယ်ယူ ဖြည့်တင်းခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ပြုစုထားရန် ဖြစ်ကြောင်း၊ လိုအပ်သော ရေနံမြေများကို အချိန်မီ ဖြန့်ဝေပေးနိုင်ရေး စတိုလက်ကျန်ပစ္စည်းစာရင်းများ ဖြန့်ဝေထားရန်လိုအပ်ကြောင်း၊ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် ကျွမ်းကျင်ဝန်ထမ်းများ ပြန်လည်စုစည်းကာ ဝန်ထမ်းများကို သင်တန်းများ ဖွင့်လှစ်ပို့ချရန် ဖြစ်ကြောင်း၊ လုပ်ငန်းသုံးနှင့် ဝန်ထမ်း အိမ်ရာများအတွက် လိုအပ်သော ရေသန့်အလုံအလောက် ရရှိရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ကမ်းလွန်ရေနံ အခြေစိုက်စခန်း(သာကေတ)ဝင်းအတွင်းနှင့် ဝန်ထမ်းအိမ်ရာများတွင် သန့်ရှင်းသာယာလှပရေး၊ မီးဘေးအန္တရာယ်နှင့် လုံခြုံရေး သတိပြုဆောင်ရွက်ရန် ဖြစ်ကြောင်း၊ မိမိတို့ အသုံးပြုလိုသော လက်ကျန်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းရန်နှင့် မလိုအပ်သော ပစ္စည်းများ စာရင်းရှင်းလင်းပယ်ဖျက်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆိပ်ခံတံတားများ၏ ကြံ့ခိုင်ရေး ပုံမှန်စစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်းတို့ကို မှာကြားသည်။

ကမ်းလွန်ရေနံ အခြေစိုက်စခန်း(သာကေတ)သည် ကုန်းတွင်းနှင့် ကမ်းလွန်ရေနံ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းများ အောင်မြင်စွာ ပြုလုပ်နိုင်စေရန် အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပြီး ကုန်တွင်းနှင့် ကမ်းလွန်ရေနံ ရှာဖွေတူးဖော် ထုတ်လုပ်သည့် ပြည်တွင်း/ ပြည်ပမှ ဝယ်ယူထားသော လုပ်ငန်းသုံးပစ္စည်းများ လက်ခံသိုလှောင်၍ လိုအပ်သည့် နေရာဒေသများသို့ ထောက်ပံ့ပို့ဆောင် ဖြန့်ဖြူးပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနေသော Offshore Supply Base တစ်ခုဖြစ်သည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်စခန်းများ၊ အသုံးချသုတေသန၊ ပိုက်လိုင်းအခြေစိုက်စခန်းများ၊ အောက်မြန်မာပြည် ရေနံမြေ အစမ်းတွင်းဒေသများတွင် တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားများ ထောက်ပံ့ပို့ဆောင်ပေးခြင်းလုပ်ငန်းများနှင့် လုပ်ငန်းပိုင်သင်္ဘောများ လွှန်းတင်ပြုပြင်ခြင်းလုပ်ငန်းများကို ထောက်ပံ့ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပေါက်တောမြို့နယ်၌ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် မြစိမ်းရောင်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးပေး

**ပေါက်တော မေ ၂၆**

ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်းနှင့် ဝန်ထမ်းများသည် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို တောင်ညိုကျေးရွာရှိ ဒေသခံပြည်သူများအား မေ ၂၅ ရက်မှစ၍ သတ္တမအကြိမ် ပြန်လည်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် ရန်ပုံငွေချေးရာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးအတွက် ငွေကျပ် ၁၉၈၀၀၀၀၀ ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးအတွက် ငွေကျပ် ၈၄၀၀၀၀၀ ၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၅ ဦးအတွက် ငွေကျပ် ၅၅၀၀၀၀၀၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ လေးဦးအတွက် ငွေကျပ် ၁၄၀၀၀၀၀ ကို ကျေးရွာအရောက် ထုတ်ချေးပေးကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၂၃ တွဲ ရောင်းချရ

**နေပြည်တော် မေ ၂၆**

(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။



နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပရတနာ ကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ အတွင်း ခင်းကျင်း ပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ်(၁) မှ (၇၀၀)အထိ အတွဲပေါင်း(၇၀၀) အတွက် ရတနာကုန်သည်များက တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက တင်ဒါဖွင့်ဖောက် စစ်ဆေးကာ ကျောက်စိမ်းအတွဲပေါင်း ၅၂၃ တွဲကို ရောင်းချရကြောင်း ကြေညာသည်။

ယခင်ရက် ပြပွဲများတွင် ပုလဲအတွဲအမှတ်(၁) မှ (၃၃၀) အထိ ပုလဲအတွဲပေါင်း ၃၃၀ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၃၀ ကို လည်းကောင်း၊ ကျောက်မျက်အတွဲအမှတ်(၁) မှ (၁၂၀) အထိ အတွဲပေါင်း ၁၂၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၅၄ တွဲကို လည်းကောင်း ပြည်တွင်း၊ ပြည်ပရတနာ ကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည်။

ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၇၀၁)မှ (၁၄၀၀) အထိနှင့် သတ္တမနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၁၄၀၁) မှ (၂၀၀၀) အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ပြပွဲဗဟိုကော်မတီဝင်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်စိမ်းအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော် ထုတ်လုပ်ထားသည့် ကျောက်မျက် ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ အောင်မြင်စွာ ကျင်းပခဲ့ရာ ယခုကျင်းပပြုလုပ်သည့် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင်လည်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအနေဖြင့် ပုလဲအတွဲများနှင့် ကျောက်စိမ်း၊ ကျောက်မျက် အတွဲများကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုဝယ်ယူလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၆

**မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် ရဲချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။**



အစည်းအဝေးသို့ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင် ဦးဆောင်သော လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင် က မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုစတုတ္ထ ငါးနှစ်စီမံကိန်း ၂၀၂၂-၂၀၂၆ ကာလဖြစ်ပါကြောင်း၊ ယခင်ငါးနှစ်စီမံကိန်းများအပေါ် ပြန်လည်သုံးသပ်ကာ မဟာဗျူဟာသုံးရပ်၊ နည်းဗျူဟာ လေးရပ်ချမှတ်၍ လုပ်ငန်းကဏ္ဍလေးရပ်အောက်၌ လုပ်ငန်းစဉ်(၈၄) ရပ် ထည့်သွင်းရေးဆွဲ အတည်ပြုခဲ့ပါကြောင်း၊ စတုတ္ထငါးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၂၂ ခုနှစ်အတွက် လုပ်ငန်းစီမံချက် ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အသိပညာပေးခြင်းနှင့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ရာ၌ ပြည်သူလူထု ပူးပေါင်းပါဝင်သတင်းပေးမှုသည် အရေးကြီးသည့်အခန်းကဏ္ဍဖြစ်ကြောင်း၊ ပြည်သူလူထုမှ အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်စေရေးထိတွေ့ဆက်ဆံရသည့် ဌာနဆိုင်ရာများအနေဖြင့် စည်းရုံးဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် လုပ်ငန်းစီမံချက်အပေါ် တက်ရောက်လာသည့် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေး၍ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူးက ခြုံငုံသုံးသပ်ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို ဇင်မိုးပြည့်နှင့် ခိုင်သဇင်ဦးတို့က သွင်းယူခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ထိုင်းအသင်းက ရမှတ် ၁၀ မှတ်ဖြင့် ချန်ပီယံ၊ အင်ဒိုနီးရှားအသင်းက ရမှတ် ၁၀ မှတ်ဖြင့် ဒုတိယ၊ ထိုင်း All Stars အသင်းက ကိုးမှတ်ဖြင့် တတိယ၊ ဩစတြေးလျကလပ် South Perth အသင်းက သုံးမှတ်ဖြင့် အဆင့် ၄ နှင့် မြန်မာအသင်းက လေးပွဲစလုံးရှုံးပြီး အမှတ်မရရှိဘဲ ဇယားအောက်ဆုံး နေရာ၌ ရပ်တည်ခဲ့သည်။

**သတင်း-ရဲရင့်လွင်**

**ဓာတ်ပုံ-Futsal Thailand**

---

❖ *ကျောဖုံးမှ*

အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေယားကျေးရွာနေ သဲနုအောင် (၂၇)နှစ်သည် ၎င်းအသုံးပြုသည့် "Thae Nu Aung" Facebook အကောင့်၊ ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက်နေ သီဟ (၁၉)နှစ်သည် ၎င်းအသုံးပြုသည့် "THI HA" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ကုလားတဲကျေးရွာနေ သက်ထွန်းစိုး (၃၃)နှစ်သည် ၎င်းအသုံးပြုသည့် "Thet Naing Htun" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် သစ္စာလမ်းရှိ DNNA ကိုယ်ပိုင်အထက်တန်းကျောင်းဝင်း၌ နေထိုင်သူများဖြစ်သည့် ဖြူဖြူသင်း(ခ) ဇာဇာ(၄၅)နှစ်၊ နန်းမိုးဟွမ် (ခ) နောင်ငယ် (၄၀)နှစ်၊ သဥ္ဇာကျော် (ခ) သဲသဲ (၃၅)နှစ်နှင့် နွဲ့နွဲ့အေး (၇၀)နှစ်တို့ လေးဦးသည် ၎င်းတို့အသုံးပြုသည့် "Phyu Phyu Thin"၊ "Nang Moe Hwan"၊ "Thae Thae"၊ "Ngwe Ngwe Aye" Facebook အကောင့်တို့နှင့် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ (၂)ရပ်ကွက်နေ ဇော်ကြီး (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် "Zaw Kyi" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ဘီးလင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**ဘီးလင်း မေ ၂၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖြစ်သည့် ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာရည်နှင့်ဆပ်ပြာခဲပြုလုပ်နည်းသင်တန်းကို မေ ၂၅ ရက်က ဇုက္ကလိကျေးရွာ ဓမ္မရုံကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားကာ သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ကျေးလက်ဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၁၅ ဦးအား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီလက်တွဲကာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

**မန္တလေး မေ ၂၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ် (၉) နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊စစ်ကိုင်း) ပထမနှစ်ဝိဇ္ဇာ၊ သိပ္ပံနှင့် အေဂျီတီအိုင်ဒီပလိုမာသင်တန်း တက်ရောက်ကြမည့်သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းများ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို သိရှိကာ သင်ကြားရမည့်ဘာသာရပ်များကို အထူးဂရုစိုက်သင်ယူကြရမည်ဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချသည့် အသိပညာ၊ အတတ်ပညာများ သာမက နိုင်ငံတကာမှ ပညာရပ်များကို အမြဲလေ့လာကာ တွေးတောကြံဆနေရမည်ဖြစ်ပြီး မိမိကိုယ်တိုင် အရည်အချင်းပြည့်မီနေအောင် ကြိုးစားနေရမည်ဖြစ်ကြောင်း၊ မိမိ၏ ရည်မှန်းချက်၊ ဦးတည်ချက်များ မှန်ကန်ပြီး မိမိလုပ်ငန်းကိုတန်ဖိုးထားကာ မတူကွဲပြားမှုများကို စွန့်လွှတ်၍ တူညီမှုခွန်အားဖြင့် ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်းရိုင်းပင်းကူညီလက်တွဲကာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ ၂၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၃ သိန်းကို ပေးအပ်သည်။

ယခု သင်တန်းသား သင်တန်းသူများမှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးကုတ်၊ သပိတ်ကျင်း၊ စဉ့်ကူး၊ သာစည်နှင့် ကျောက်ဆည်မြို့နယ်တို့မှ အဆင့်ဆင့် စိစစ်ရွေးချယ်ထားသူများဖြစ်ပြီး ၂၀၂၂-၂၀၂၃ပညာသင်နှစ် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) တို့တွင် တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**



# (၈) ကြိမ်မြောက် အာဆီယံ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းအစုအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်

**နေပြည်တော် မေ ၂၆**

(၈)ကြိမ်မြောက် အာဆီယံ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းအစုအဖွဲ့ အစည်းအဝေး (8th SOMRI Working Group on Content and Production Meeting (8th SOMRI WG-CP)) အား ယနေ့နံနက် ၈ နာရီခွဲတွင် ဘရူနိုင်းနိုင်ငံမှ Video Conferencing စနစ်ဖြင့် ပြုလုပ်ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာအောင် ဦးဆောင်သည့်အဖွဲ့သည် နေပြည်တော်-တပ်ကုန်းနှင့် ရန်ကုန်တို့မှ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။




အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးအဆင့်ရှိ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ ဘရူနိုင်းနိုင်ငံမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာများနှင့် စပ်လျဉ်းသည့် အာဆီယံအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များ၊ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ၊ သတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍဆိုင်ရာ မဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၅) ဆိုင်ရာများ၊ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်းပြီး အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ အစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ စီမံကိန်းအသစ်များအား ဆွေးနွေးညှိနှိုင်းခြင်းများ အပါအဝင် (9th WG-CP) ထပ်မံ၍ အလှည့်ကျ ကျင်းပမည့် နိုင်ငံရွေးချယ် အတည်ပြုခြင်းတို့ကို ဝိုင်းဝန်းဆွေးနွေးကြသည်။

အာဆီယံ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းအစုအဖွဲ့ အစည်းအဝေး (Working Group on Content and Production (8th SOMRI WG-CP) ) သည် အာဆီယံပြန်ကြားရေးအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (Senior Officials' Meeting Responsible for Information-SOMRI) မှ ဆုံးဖြတ်ခဲ့သည့် စီမံကိန်းများနှင့် ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကောင်းစွာအထောက်အပံ့ပြုနိုင်ရေး၊ သတင်းမီဒီယာကဏ္ဍဆိုင်ရာ ရုပ်သံထုတ်လွှင့်မှု အစီအစဉ်များနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းများအား သုံးသပ်တင်ပြနိုင်ရေး၊ သတင်းမီဒီယာကဏ္ဍ၏ မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်ချက်များ စည်းမျဉ်းချမှတ်ခြင်း၊ နည်းပညာစံသတ်မှတ်ခြင်းနှင့် မူဘောင်သတ်မှတ်ခြင်းများကို အသေးစိတ်လေ့လာသုံးသပ်ပြီး အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးသို့ တင်ပြနိုင်ရေးနှင့် SOMRI မှ သဘောတူထားသည့် ပြန်ကြားရေးဆိုင်ရာစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

SOMRI Working Group on Content and Production အစည်းအဝေးများအား ဆန္ဒအလျောက် အဆိုပြုသည့်နိုင်ငံမှ ဦးဆောင်ကျင်းပသည့်စနစ်ဖြင့် အနည်းဆုံး တစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် လာအိုနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၃၀-၃-၂၀၂၁) ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁)ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်များအား (၁)နှစ်သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ်သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အခန်း(၂)၊ အပိုဒ် ၁၁နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း (၃၀)ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့်အတူ မှတ်ပုံတင်ကြေး ကျပ် ၅၀၀၀/-(ကျပ် ငါးထောင်တိတိ) ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများသို့လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်အရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မှိုင်းမိသူမှိုင် လည်မိသူပျော် သကြီန်ပွဲတော်"** ခေါင်းစဉ်ဖြင့် မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲ၍ ကိုရင်ငယ်နှစ်ပါး သေဆုံးကာ ကိုရင်ငယ်တစ်ပါး ဒဏ်ရာရရှိမှု"** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀ ၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မေ ၂၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်းနှင့် ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးဟောင်း ဦးကျော်ဆန်း၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦး၊ ကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းမင်းခိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် မေ ၂၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သောကျောက်မီးသွေး ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဆောင်ရွက်ချက်များတွင် အဂတိလိုက်စားမှုများ ရှိနေသောကြောင့် ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုတို့သည် တီကျစ်ကျောက်မီးသွေး အကြီးစားထုတ်လုပ်မှုအပေါ် နိုင်ငံတော်မှ ၃၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိကမှ ၇၀ ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့် လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်သို့ပေးသွင်းသည့် ဓာတ်သတ္တုခွန် နှစ်ရာခိုင်နှုန်းကို ဓာတ်သတ္တုများ ရောင်းချသည့်အခါ ပြောင်းလဲလာသည့် နှစ်အလိုက်သတ်မှတ်ထားသည့် ဓာတ်သတ္တုထုတ်လုပ်မှု တစ်တန်ရောင်းဈေး (၂၀၁၈-၂၀၁၉ ခုနှစ်တွင် တစ်တန်လျှင် ငွေကျပ် ၄၈၁၀၀၊ ၂၀၁၉-၂၀၂၂ ခုနှစ်အထိ တစ်တန်လျှင် ငွေကျပ် ၅၆၅၀၀ ) အပေါ် ပြင်ဆင်ကောက်ခံရမည်ဖြစ်သော်လည်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ၁/၂၀၁၇ ဆုံးဖြတ်ချက်အတိုင်း ကျောက်မီးသွေးထုတ်လုပ်မှု တစ်တန်ရောင်းဈေး ငွေကျပ် ၁၂၀၀၀ နှုန်းအပေါ်တွင်သာ တွက်ချက်ကောက်ခံခဲ့သောကြောင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်အလိုက် ထုတ်လုပ်သည့် ကျောက်မီးသွေး တန်ချိန် ၂၃ သိန်းကျော်အတွက် ဓာတ်သတ္တုခွန် ငွေကျပ်သန်း ၁၉၀၀ ကျော်နှင့် နိုင်ငံတော်မှရရှိမည့် ထုတ်လုပ်မှုအချိုး ၃၀ ရာခိုင်နှုန်းအပေါ် ငွေကျပ်သန်း ၁၄၀၀၀ ကျော် လျော့နည်းရရှိခဲ့ပြီး နိုင်ငံတော်မှ စုစုပေါင်း ငွေကျပ်သန်း ၁၅၉၀၀ ကျော် နစ်နာမှုဖြစ်ပေါ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ စာချုပ်ချုပ်ဆိုစဉ် လက်မှတ်ရေးထိုးပြီး လုပ်ငန်းအကောင်အထည်ဖော်မှုများအပေါ် ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသည့် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးဟောင်း ဦးကျော်ဆန်းနှင့် နိုင်ငံတော်နစ်နာမှုများဖြစ်စေရန် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅/၆၃ အရ လည်းကောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက ကုမ္ပဏီတို့သည် ကျောက်မီးသွေးဝယ်ယူခြင်း စာချုပ် ချုပ်ဆိုရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ တစ်တန်ဈေးနှုန်း တွက်ချက်သတ်မှတ်ရာ၌ ထုတ်လုပ်မှုပမာဏကို စာချုပ်ပါ တစ်ရက် ပုံမှန်ထုတ်လုပ်ပေးသွင်းနိုင်စွမ်းရှိသည့် တန်ချိန် ၂၀၀၀ ဖြင့် လျာထားတွက်ချက်မှုမပြုဘဲ တစ်ရက် တန်ချိန် ၁၇၅၀ ဖြင့် ထုတ်လုပ်မှုလျော့နည်းတွက်ချက်၍ တစ်တန်ဈေးနှုန်း တိုးမြှင့်တင်ပြခဲ့ခြင်းကြောင့် တစ်တန်လျှင် ငွေ ၅၈၀၉ ဒသမ ၁၂ ကျပ်နှုန်း ပိုမိုကုန်ကျခဲ့၍ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဌာနမှဝယ်ယူခဲ့သည့် တန်ချိန် ၁၄ သိန်းကျော်အတွက် ငွေကျပ် ၈၂၀၀ သန်းကျော်နှင့် တစ်တန်ဈေးနှုန်းတွင် ကုမ္ပဏီမှပေးဆောင်ရမည့် ဝင်ငွေခွန်ကို ထည့်သွင်းတွက်ချက်ပေးခဲ့သဖြင့် ဝင်ငွေခွန် ငွေကျပ်သန်း ၁၂၀၀ ကျော် စုစုပေါင်း ငွေကျပ်သန်း ၉၄၀၀ ကျော် နိုင်ငံတော်မှ နစ်နာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ စာချုပ်ပါ သတ်မှတ်ချက်အတိုင်း လိုက်နာအကောင်အထည်ဖော်ရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသည့် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးနှင့် နိုင်ငံတော်နစ်နာမှုများဖြစ်စေရန် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့် ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းမင်းခိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅/၆၃ အရ လည်းကောင်း နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်းတွင် ယမန်နေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းနှင့်သတင်းဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူးကျင်းပသည့် သတင်းနှင့် သတင်းဆောင်းပါးပြိုင်ပွဲတွင် သတင်းဆောင်းပါးဆုရရှိသူအား ဆုချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ သတင်းမီဒီယာ ကောင်စီရုံး သင်တန်းခန်းမ၌ မေ ၂၆ ရက်က နံနက် ၁၀ နာရီက ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် ကောင်စီဝင်များ၊ ဆုရရှိသူ သတင်းသမားတို့ တက်ရောက်ကြသည်။



ရှေးဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကာလသည် သတင်းတုသတင်းအမှားများ၊ သတင်းလိမ်များကြောင့် မလိုလားအပ်သောဖြစ်စဉ်များ ပေါ်ပေါက်လျက်ရှိသဖြင့် အဆိုပါ သတင်းတု၊ သတင်းအမှားများကို ချေဖျက်ရန် လိုအပ်သကဲ့သို့ သတင်းအမှန်များကိုသာ ရေးသားဖြန့်ချိသူ သတင်းမီဒီယာသမားများကိုလည်း ဂုဏ်ပြုထိုက်သည်ဟု ယူဆသဖြင့် “သတင်းနှင့်သတင်းဆောင်းပါးပြိုင်ပွဲ” ကို ကျင်းပပေးခဲ့ပါကြောင်း၊ ပြိုင်ပွဲဝင်စည်းကမ်းများကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကြေညာ၍ ပြိုင်ပွဲဝင်များဖိတ်ခေါ်ခဲ့ရာ သတင်းနှင့်သတင်းဆောင်းပါး ပုံနှိပ်ပြီး စာမူ ၈၂ စောင် လက်ခံရရှိခဲ့ပါကြောင်း၊ အဆိုပါစာမူများကို ဆုရွေးချယ်ရေး ကော်မတီဖွဲ့စည်း၍ စိစစ်ခဲ့ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့် သတင်းနှင့်သတင်းဆောင်းပါးများထဲမှ သင့်လျော်သည့် သတင်းဆောင်းပါးတစ်ပုဒ်ကိုသာ ဆုချီးမြှင့်ရန်ရွေးချယ်ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် သတင်းဆောင်းပါး ဆုရွေးချယ်ရေး ကော်မတီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက ရရှိလာသည့် သတင်းနှင့် သတင်းဆောင်းပါးများအပေါ် စိစစ်ရွေးချယ်ခဲ့မှုများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် “အနာဂတ်မြန်မာနိုင်ငံကို သားရွှေအိုးထမ်းလာတာမြင်လိုပါတယ်” နှင့် အခြားသတင်းများဖြင့် အထူးဆုရရှိသူ ဦးကျော်စိန် (ပညာရေး) ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ဆုပေးအပ်ပြီး ဆုရရှိသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးနှင့် ကျင့်ဝတ်နှင့်အညီ သတင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်ကြစေရေးတို့အတွက် အလေးထားဆောင်ရွက်ကာ သင်တန်းများဖွင့်လှစ်ခြင်း၊ သတင်းနှင့် သတင်းဆောင်းပါး ပြိုင်ပွဲများ ကျင်းပခြင်းများ ပြုလုပ်ပေးလျက်ရှိနေကြောင်းနှင့် နောင်တွင်လည်း အခါအားလျော်စွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်လမ်းမပေါ်၌ တရားမဝင် ကျွန်းပရိဘောဂအပိုင်းအစနှင့် ကျွန်းတံခါးချပ်များ ၂ ဒသမ ၁၅၀၂ တန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၀၆၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၄၅၀၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၅၀၀၀၀)ကို လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၁၅၅၀၂၂)နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသော ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၂၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၃၀၅၀၂၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၄၉၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၈၀၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း လိုင်စင်မဲ့ (Honda Fit GE6) အမျိုးအစားမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၃ ရက်၊ ၂၅ ရက် နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၁၀) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၅၄၈၁၂၂ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ယူကရိန်းပဋိပက္ခများကို အဆုံးသတ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် တူရကီသမ္မတတို့ သဘောတူ



တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်တို့ တွေ့ဆုံစဉ်။

နယူးယောက် ဧပြီ ၂၆

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်နှင့် တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်တို့သည် ဧပြီ ၂၅ ရက်က ယူကရိန်းတွင် ပဋိပက္ခများကို အဆုံးသတ်ရန်နှင့် အရပ်သားများ ခံစားနေရသော ဒုက္ခများကို အဆုံးသတ်ရန် အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေးအတွက် ၎င်းတို့၏ ကတိကဝတ်များကို ထပ်မံအတည်ပြုခဲ့ကြကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

ဂူတာရက်စ်သည် တူရကီမြို့တော် အင်ကာရာတွင် ဧပြီ ၂၅ ရက်က အာဒိုဂန်နှင့်တွေ့ဆုံခဲ့သည်။ ယူကရိန်းပဋိပက္ခနှင့် ဆက်စပ်လျက်ရှိသော တူရကီ၏ ဆက်လက်လုပ်ဆောင်လျက်ရှိသည့် သံတမန်ဆိုင်ရာ ကြိုးစားအားထုတ်မှုများကို အားပေးထောက်ခံလျက်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဂူတာရက်စ်၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟက်က နယူးယောက်တွင် သတင်းထောက်များကို ပြောကြားလိုက်သည်။

ပဋိပက္ခကိုဖြစ်နိုင်သမျှ အမြန်ဆုံးအဆုံးသတ်ရန်နှင့် အရပ်သားများ၏ ခံစားနေရမှုများကို အဆုံးသတ်ရန် ၎င်းတို့၏ ဘုံရည်မှန်းချက်များကို ထပ်မံအတည်ပြုခဲ့ကြောင်း၊ အရပ်သားများကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ လုပ်ဆောင်နိုင်ရန်နှင့် ဒုက္ခရောက်နေသော လူမှုအသိုင်းအဝိုင်းများကိုလည်း အကူအညီအထောက်အပံ့များပေးနိုင်ရန် လူသားချင်း ထောက်ထားညှာတာမှုဆိုင်ရာ စင်္ကြံလမ်းမတစ်ဆင့် ထိထိရောက်ရောက် အကူအညီပေးနိုင်ရန် ဂူတာရက်စ်နှင့် အာဒိုဂန်တို့က တိုက်တွန်းခဲ့ကြောင်း ဟက်က ပြောသည်။

ဂူတာရက်စ်နှင့် အာဒိုဂန်တို့သည် ဒေသတွင်းသာမက စွမ်းအင်၊ အစားအစာနှင့် ဘဏ္ဍာရေးအပါအဝင် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ယူကရိန်းပဋိပက္ခက မည်ရွေ့မည်မျှ အကျိုးသက်ရောက်မှုရှိခဲ့သလဲဆိုသည့်အပေါ် ဆွေးနွေးခဲ့ကြောင်း ဟက်က ပြောသည်။ ဆင်ဟွာ

## မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၄၇၈ ဦးနှင့်အတူ ရှစ်ဦး ထပ်မံသေဆုံး

ကွာလာလမ်ပူ ဧပြီ ၂၆

မလေးရှားနိုင်ငံတွင် ဧပြီ ၂၅ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၄၇၈ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၄၃၃၅၅၁ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နောက်ထပ် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ရှစ်ဦးနှင့်အတူ စုစုပေါင်းသေဆုံးသူ ၃၅၅၀၇ ဦးအထိ ရှိလာခဲ့သည်။

နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၉၂၁၅ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၃၃၀၀၃၇ ဦးအထိ ရှိလာပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း လတ်တလောကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၆၈၀၀၇ ဦးရှိပြီး ယင်းအနက် ၉၈ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသလျက်ရှိပြီး ၆၃ ဦးမှာ အသက်ရှူအထောက်အကူပြုပစ္စည်းများ လိုအပ်လျက်ရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်းမှာ နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ၈၁ ဒသမ ၄ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသူများဖြစ်ကြသည်။ ထို့အပြင် အပိုဆောင်းကာကွယ်ဆေး ထိုးနှံပြီးသူပေါင်းမှာလည်း ၄၉ ရာခိုင်နှုန်းအထိရောက်ရှိလာခဲ့သည်။ ဆင်ဟွာ

## အိုင်အေအီးအေ နျူကလီးယားဥပဒေဆိုင်ရာ ပထမဆုံး နိုင်ငံတကာအစည်းအဝေးကျင်းပ

ဗီယင်နာ ဧပြီ ၂၆

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီသည် နျူကလီးယား ဥပဒေနှင့် ပတ်သက်ပြီး ပထမဆုံး နိုင်ငံတကာ အစည်းအဝေးကို ဗီယင်နာတွင် ဧပြီ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၂၇ နိုင်ငံမှ ဥပဒေပြုသူများ၊ နိုင်ငံတွင်းမှသက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များ၏ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ နျူကလီးယား စက်မှုဇုန်နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ နျူကလီးယား ဥပဒေဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းကြသည့် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးမှုကြီးဖြစ်ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။




ဩစတြီးယားနိုင်ငံ ဗီယင်နာတွင် ကျင်းပလျက်ရှိသော နျူကလီးယားဥပဒေနှင့်ပတ်သက်ပြီး ပထမဆုံး နိုင်ငံတကာအစည်းအဝေး။

နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ် ရာဖေးလ်ဂရော်စီက နျူကလီးယား ဥပဒေသည် အလွန်အရေးကြီးသည့် အယူအဆများနှင့် ဥပဒေ၏စည်းမျဉ်းစည်းကမ်းများဖြစ်ရုံသာမက နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်း၊ ထို့အပြင် အလွန်ကောင်းသည့် စွမ်းအားတစ်ခုဖြစ်ရုံသာမက တစ်ချိန်တည်းမှာပဲ ဖြစ်ပေါ်လာနိုင်သည့်စိန်ခေါ်မှုများကိုလည်း ဖြေရှင်းသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အိုင်အေအီးအေ အစည်းအဝေးကို သောကြာနေ့အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

## တွစ်တာလူမှုကွန်ရက် ကုမ္ပဏီရှယ်ယာဝယ်ယူရန် အီလွန်မာ့ခ်၏ကမ်းလှမ်းချက်ကို တွစ်တာလက်ခံ

ဆန်ဖရန်စစ္စကို ဧပြီ ၂၆

အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံ တန်ဖိုးရှိသည့် တွစ်တာလူမှုကွန်ရက် ကုမ္ပဏီကို ရှယ်ယာတစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၂၀ ဖြင့် ဝယ်ယူရန် တက်စလာလျှပ်စစ်ကားကုမ္ပဏီအမှုဆောင်အရာရှိချုပ် အီလွန်မာ့ခ်၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်ပြီဖြစ်ကြောင်း တွစ်တာကုမ္ပဏီက ဧပြီ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အီလွန်မာ့ခ်၏ ကမ်းလှမ်းချက်ကို တန်ဖိုး၊ တိကျသေချာမှုနှင့် ဘဏ္ဍာရေးအခြေအနေအပေါ် ကုမ္ပဏီဘုတ်အဖွဲ့က ဘက်စုံထောင့်စုံ စဉ်းစားချင့်ချိန်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း တွစ်တာ၏ သီးခြားလွတ်လပ်သော ဘုတ်အဖွဲ့ဥက္ကဋ္ဌ ဘရက်တေလာက ပြောသည်။

ကမ်းလှမ်းချက် အရောင်းအဝယ်သည် ပမာဏကြီးမားသည့်ငွေသားပရီမီယံတစ်ခုနှင့်ပေးချေရမည်ဖြစ်သကဲ့သို့ ထိုသို့လုပ်ဆောင်ခြင်းသည် တွစ်တာအစုရှယ်ယာရှင်များအတွက် အကောင်းဆုံးရှေ့ဆက်သွားမည့် လမ်းကြောင်းတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



တက်စလာလျှပ်စစ်ကားတည်ထောင်သူ အီလွန်မာ့ခ်။

အရောင်းအဝယ်ကိစ္စရပ်နှင့်ပတ်သက်ပြီး ဘုတ်အဖွဲ့၏ တစ်ခဲနက်ထောက်ခံ အတည်ပြုချက်ရရှိခဲ့ကြောင်းနှင့် အစုရှယ်ယာရှင်များနှင့် စည်းမျဉ်းစည်းကမ်းအတည်ပြုမှုကို ယခုနှစ်အတွင်း အပြီးသတ်လုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

တင်ဆက်မှုအခင်းအကျင်းပုံစံသစ်များနှင့်အတူ တွစ်တာလူမှုကွန်ရက်စာမျက်နှာကို ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း အီလွန်မာ့ခ်က ပြောသည်။ တွစ်တာသည် ကြီးမားသည့် အလားအလာကောင်းများရှိကြောင်း၊ အဆိုပါ အခွင့်အလမ်းများကို တံခါးဖွင့်ပေးနိုင်အောင် ကုမ္ပဏီနှင့် အသုံးပြုသူများအတွက် လုပ်ကိုင်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ၎င်းက ဆက်ပြော သည်။

ဆင်ဟွာ

## ဗီယက်နမ်တွင် ကိုဗစ်-၁၉ ကူးစက်သူ စုစုပေါင်း ၁၀၆၂၀၂၀၃ ဦးရှိ

ဟနွိုင်း ဧပြီ ၂၆

ဗီယက်နမ်နိုင်ငံတွင် ဧပြီ ၂၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၄၃၁ ဦးရှိလာခဲ့ပြီး ဧပြီ ၂၅ ရက်ထက် ၁၀၁၄ ဦး မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အသစ်ထပ်မံ ကူးစက်ဖြစ်ပွားသူအားလုံးမှာ ပြည်တွင်းကူးစက်မှုများ ဖြစ်ကြသည်။

ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဗဟိုချက်နေရာအဖြစ် ဆက်လက်တည်ရှိနေပြီး ဧပြီ ၂၆ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၃၇ ဦး ရှိခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ယခုအခါတွင် ၁၀၆၂၀၂၀၃ ဦးအထိရှိလာခဲ့ပြီး သေဆုံးသူပေါင်းမှာလည်း ၄၃၀၂၉ ဦး ရှိလာခဲ့သည်။

ဆင်ဟွာ

## မေ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

### ရက် ၂၀ ဆက်တိုက် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

(၂၆–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၁၅,၉၆၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၇၈၅) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၉)ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၇၁၅) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

သို့ဖြစ်ပါ၍ (၃–၄–၂၀၂၂) ရက်နေ့မှစ၍ ယနေ့အထိ (၂၄) ရက် ဆက်တိုက် ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိမှုနှုန်းမှာ (၁) ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိနေပါကြောင်းနှင့် (၇–၄–၂၀၂၂) ရက်နေ့မှစတင်၍ ယနေ့အထိ ရက် (၂၀) ဆက်တိုက် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၆–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၂၁) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၅) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၃) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၃၈) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၇၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၉၅) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၀၉) ခု | (၅) ဦး |
| စုစုပေါင်း | (၈,၂၈၄) ခု | (၁၅) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။


ကျန်းမာရေးဝန်ကြီးဌာန

### ၂၆-၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၇၃၃၈၆၃ | ၈၀၅၀၆၉၃၆ | ၁၀၁၈၅၈၂ |
| ၂။ | အိန္ဒိယ | ၄၃၀၆၂၀၉၇ | ၄၂၅၂၃၃၁၁ | ၅၂၂၂၃ |
| ၃။ | ဘရာဇီး | ၃၀၃၅၅၉၁၉ | ၂၉၄၁၁၈၀၃ | ၆၆၂၇၇၇ |
| ၄။ | ပြင်သစ် | ၂၈၃၁၇၉၁၅ | ၂၆၀၈၃၂၆၄ | ၁၄၅၂၅၇ |
| ၅။ | ဂျာမနီ | ၂၄၂၂၇၆၈၀ | ၂၁၆၆၅၂၀၀ | ၁၃၄၈၁၇ |
| ၆။ | ဗြိတိန် | ၂၁၉၇၈၁၉၈ | ၂၀၉၅၄၇၈၀ | ၁၇၃၆၉၃ |
| ၇။ | ရုရှား | ၁၈၁၅၁၈၉၅ | ၁၇၄၉၅၃၈၂ | ၃၇၅၂၃၇ |
| ၈။ | တောင်ကိုရီးယား | ၁၇၀၀၉၈၆၅ | စိစစ်ဆဲ | ၂၂၃၂၅ |
| ၉။ | အီတလီ | ၁၆၁၆၁၃၃၉ | ၁၄၇၅၅၉၅၈ | ၁၆၂၇၈၁ |
| ၁၀။ | တူရကီ | ၁၅၀၂၁၁၅၁ | ၁၄၈၈၈၉၉၅ | ၉၈၇၀၆ |

### ၂၆-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၅၇၁၇၇၂ | ၉၀၉၂၇၆၀ | ၄၃၀၂၁ |
| အင်ဒိုနီးရှား | ၆၀၄၅၀၄၃ | ၅၈၇၉၁၄၁ | ၁၅၆၁၆၃ |
| မလေးရှား | ၄၄၃၃၅၅၁ | ၄၃၃၀၀၃၇ | ၃၅၅၀၇ |
| ထိုင်း | ၄၁၉၄၆၈၄ | ၃၉၉၉၅၄၁ | ၂၈၀၂၂ |
| ဖိလစ်ပိုင် | ၃၆၈၄၈၃၅ | ၃၆၁၃၀၆၀ | ၆၀၁၉၅ |
| စင်ကာပူ | ၁၁၈၄၂၂၆ | ၁၁၁၅၈၂၉ | ၁၃၃၁ |
| မြန်မာ | ၆၁၂၇၈၅ | ၅၉၁၇၁၅ | ၁၉၄၃၄ |
| လာအို | ၂၀၆၀၄၂ | ၂၀၃၄၁၁ | ၇၃၆ |
| ဘရူနိုင်း | ၁၄၁၄၀၅ | ၁၄၀၂၄၉ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၃၀ | ၁၃၂၉၆၈ | ၃၀၅၆ |



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# စဉ်ဆက်မပြတ် ထိန်းသိမ်းကြရမည့် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ

*သစ်တောမောင်*



■ **သစ်တောနယ်မြေများ (ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ) ကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပြီး ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေး၊ သစ်တောများ အရည်အသွေး ပိုမိုကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ**

၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေအရ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ သစ်တောကြိုးဝိုင်းဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရပါသည်။ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို သစ်တောနယ်မြေဟုလည်း ခေါ်ဆိုပါသည်။

သစ်တောစီမံအုပ်ချုပ်မှု လုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် ၁၈၇၀ ပြည့်နှစ်တွင် သစ်တောကြိုးဝိုင်းများကို စတင်ဖွဲ့စည်းခဲ့သည်။ သစ်တောကြိုးဝိုင်းများ ဖွဲ့စည်းတည်ထောင်ခြင်း၊ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ကြေညာခြင်းသည် သစ်တောများ ထာဝစဉ်တည်တံ့စေရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန်နှင့် ထိန်းသိမ်းကာကွယ်နိုင်ရန် အခြေခံအကျဆုံး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရန်၊ ဂေဟစနစ် တည်ငြိမ်စေရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားလာစေရန်၊ ဒီရေတောများ၊ အပူပိုင်းဒေသသစ်တောများ အပါအဝင် သဘာဝသစ်တောများ စနစ်တကျ စီမံအုပ်ချုပ် ထိန်းသိမ်းဆောင်ရွက်ရန်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူရရှိရန်၊ ဒေသခံပြည်သူများအတွက် သစ်၊ ထင်း၊ ဝါးနှင့် သစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် သစ်တော၊ ရာသီဥတု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များ ဖြည့်ဆည်းနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ရခြင်းဖြစ်သည်။

ဖွဲ့စည်းပြီး သစ်တောကြိုးဝိုင်းများတွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ကွက်စိပ်စီမံကိန်းများ ရေးဆွဲ၍ ကျွန်းသင်းသတ်ခြင်း၊ ကျွန်းနှင့် သစ်မာခုတ်လှဲထုတ်လုပ်ခြင်း၊ စိုက်ခင်းများ တည်ထောင်ခြင်း၊ အုပ်မိုးကာဆိုင်း ခုတ်လှဲခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ လမ်းဖောက်ခြင်း စသောသစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရသည်။

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၏ နယ်နိမိတ်များသည် သစ်တောများ ထိန်းသိမ်းကာကွယ်ရေးအတွက် ပင်မသွေးကြောများဖြစ်ပြီး မြေပြင်၌ ထင်ရှားစွာ သတ်မှတ်ထားရသည်။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို သဘာဝအတိုင်း တည်ရှိနေသော သို့မဟုတ် သဘာဝနယ်နိမိတ်များ ဖြစ်သည့် ချောင်းမြောင်းများ၊ တောင်ကြောများကို အဓိကထား သတ်မှတ်လေ့ရှိသည်။ သစ်တောလုပ်ငန်းများကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် အကောင်အထည်ဖော် ဆောင်ရွက်ကြရသည်။ ကြိုးဝိုင်းနယ်နိမိတ် ဘုတ်တိုင်များ၊ မှန်ထစ်များကို ထင်ရှားစွာ မှတ်သားစိုက်ထူကြရသည်။

**သဘာဝထိန်းသိမ်းရေးနယ်မြေများ**

၂၀၁၈ ခုနှစ်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉(က) အရ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းခြင်းကို ဆောင်ရွက်ပါသည်။ ရေ၊ မြေ၊ ဂေဟစနစ်၊ ဘူမိသွင်ပြင်၊ သဘာဝသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများအပေါ် အခြေခံပြီး သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ၊ ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ ဟူ၍ သဘာဝထိန်းသိမ်းရေးနယ်မြေ (၇) မျိုး ခွဲခြားသတ်မှတ်ထားသည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်၊ မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ရှိသော သဘာဝအပင်များနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရန်၊ ဘူမိရုပ်သွင် ထူးခြားထင်ရှားသည့် တောတောင်ရေမြေ၊ ဂေဟစနစ်နှင့် ကမ်းရိုးတန်း သယံဇာတများကို ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရန်၊ ဂေဟစနစ် တည်ငြိမ်စေရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားလာစေရန်နှင့် သစ်တော၊ ရာသီဥတု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များ ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေများကို ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ၁၉၂၀ ပြည့်နှစ်တွင် “တောင်ကြီးငှက်ဘေးမဲ့တော”ကို စတင်တည်ထောင်ခဲ့သည်။

**မြန်မာ့သစ်တောမူဝါဒ ရည်မှန်းချက်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် မြန်မာ့သစ်တောမူဝါဒ (၁၉၉၅) နှင့် အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ အထိ) ရည်မှန်းချက်များအရ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း (ဧက ၅၀,၁၅၅,၉၀၀)အထိ ဖွဲ့စည်းသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်း (၁၆,၇၁၈,၆၃၃ ဧက) အထိ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ သစ်တောကြိုးဝိုင်း ၈၂၆ ခု (၂၉,၆၉၃,၁၇၄ ဧက)၊ ကြိုးပြင်ကာကွယ်တော ၄၅၄ ခု (၁၃,၄၄၆,၀၅၈ ဧက) စုစုပေါင်း ၄၃,၁၃၉,၂၃၂ ဧက တည်ထောင်နိုင်ခဲ့ပြီး နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။ ရည်မှန်းချက် ပြည့်မီစေရေးအတွက် နှစ်စဉ်ပျမ်းမျှဧရိယာ ၈၀၁,၉၀၀ ဧကကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေများကို စဉ်ဆက်မပြတ် တည်ထောင်လျက်ရှိရာ ယနေ့အထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၇ ခု (၁၀,၇၅၀,၆၂၄ ဒသမ ၆၇ ဧက)၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၃ ရာခိုင်နှုန်း တည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။ ရည်မှန်းချက် ပြည့်မီစေရေးအတွက် နှစ်စဉ် ဧရိယာ ၆၈၀,၈၃၂ ဧကကို သဘာဝနယ်မြေများအဖြစ် ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**တစ်နှစ်ကျော်ကာလအတွင်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့မှုများ**

သစ်တောကြိုးဝိုင်းများ ဖွဲ့စည်းတည်ထောင်ခြင်း၊ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ကြေညာခြင်း၊ သဘာဝထိန်းသိမ်းရေး နယ်မြေများ တည်ထောင်ခြင်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်။ သစ်တောကြေးတိုင်ပုံစံ (၁)မှ (၅) အထိ အဆင့်အလိုက် လုပ်ငန်းများကို အချိန်ကာလသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ကြရသည်။

အထူးသဖြင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျိုးဆက်စပ်ပတ်သက်သူများ၏ မြေယာဆိုင်ရာ ရပိုင်ခွင့်၊ ဆိုင်ရာ ဆိုင်ခွင့်များ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်ရသည်။ မြေယာနှင့် ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူညီချက်များ ရယူသတ်မှတ်၊ ဖွဲ့စည်းတည်ထောင်ရသော လုပ်ငန်းစဉ်ဖြစ်သဖြင့် အချိန်ယူဆောင်ရွက်ရသော လုပ်ငန်းလည်းဖြစ်သည်။ ညှိနှိုင်းပေါင်းစပ်နိုင်မှု၊ ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းပါမှ ခရီးတွင်နိုင်သော လုပ်ငန်းများဖြစ်သည်။

ဒေသခံပြည်သူများ နားလည်သဘောပေါက်စေရန် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခြင်း၊ ဆက်စပ်ဌာနအချင်းချင်းအကြား ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ ကူညီပံ့ပိုးမှုများ ရရှိခြင်းတို့ကြောင့် လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလ (၁-၂-၂၀၂၁ မှ ၁-၄-၂၀၂၂ အထိ) ကြိုးဝိုင်း/ကြိုးပြင် သတ်မှတ်ခြင်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်းလုပ်ငန်းများ သိသာထင်ရှားစွာ တိုးတက်ခဲ့သည်။ ကြိုးပြင်ကာကွယ်တော ၁၆ ခု၊ ( ၄၃၁,၅၄၀ ဒသမ ၃၈ ဧက) သတ်မှတ်ဖွဲ့စည်းနိုင်ခဲ့ပြီး သဘာဝ ထိန်းသိမ်းရေးနယ်မြေ ၁၁ ခု၊ (၅၈၁,၈၀၄ ဒသမ ၆၃ ဧက) ကို တည်ထောင်နိုင်ခဲ့သည်။

သတ်မှတ်ကြေညာခဲ့သည့် ကြိုးပြင်ကာကွယ်တောများအနက် ရန်ကုန်တိုင်းဒေသကြီးတွင် အစိမ်းရောင်တံတိုင်း ဒီရေတော ကြိုးပြင်ကာကွယ်တောနှင့် ဘိတ်သိတ် – မဟာ – သာသာ ဒီရေတော ကြိုးပြင်ကာကွယ်တောများပါဝင်သည်။ အဆိုပါ ဒီရေတောကြိုးပြင်ကာကွယ်တောများ သတ်မှတ်ကြေညာနိုင်ခဲ့သဖြင့် ဒီရေတောများကို ထိန်းသိမ်းနိုင်ခြင်း၊ စနစ်တကျ စီမံအုပ်ချုပ်နိုင်ခြင်း၊ ဒေသခံပြည်သူများအတွက် လေမုန်တိုင်း ကျရောက်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များကို ဒီရေတောများက အစိမ်းရောင် သဘာဝတံတိုင်းကြီးများအဖြစ် တားဆီးကာကွယ်ပေးနိုင်ခြင်း၊ ငါး၊ ပုစွန်၊ ကဏန်းများ ပေါများလာ၍ ဒေသခံများ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ဒေသတွင်း ရာသီဥတုမျှတ

*စာမျက်နှာ ၁၇ သို့*

# နေပြည်တော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်း၍ တက်တက်ကြွကြွ ဆောင်ရွက်ပေးခဲ့ကြသည့် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ မိမိတို့ အသက်အန္တရာယ်ကို ပဓာနမထားဘဲ ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း လျော့ပါးသွားပြီဖြစ်ပါကြောင်း၊ Quarantine Center များ၊ Positive Center များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ကြသည့်အတွက် ကိုဗစ်-၁၉ ရောဂါ၏ အမျိုးမျိုးသော မျိုးကွဲသစ်များကို တားဆီးနိုင်ပြီ ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည်မှ စတင်၍ ယနေ့ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာသည်အထိ ပူးပေါင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် လူမှုကူညီရေးအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ခဲ့သော နေပြည်တော်အတွင်းရှိ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး **(အပေါ်ဝဲပုံ)** တက်ရောက်လာကြသည့် ပရဟိတ လူမှုကူညီရေး အသင်းများမှ စေတနာ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ နှာခေါင်းစည်း (Mask) ၁၉ ဒသမ ၀၄ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

ကောင်းမွန်လာခြင်းနှင့် ဆားငန်ရေဝင်ရောက်မှုကို ဒီရေတောများက ကာကွယ်ပေးခြင်းဖြင့် ဆန်စပါး အပါအဝင် စိုက်ပျိုးသီးနှံများ အထွက်တိုးပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။

မကြာမီက ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သော သဘာဝထိန်းသိမ်းရေးနယ်မြေများဖြစ်သည့် ကယားပြည်နယ်၏ ပန်းသီတောင် သဘာဝကြိုးဝိုင်း အပိုင်း(၁)၊ ချင်းပြည်နယ်၏ စာမွန်းတောင် အမျိုးသားဥယျာဉ်၊ ကနေဒီ (ခ) လေသာတောင် အမျိုးသားဥယျာဉ်၊ မီအေပီ၊ ရဟူတူ၊ လိုမ်ရောမ်းအမျိုးသားဥယျာဉ်နှင့် ဇိန်မူတောင်အမျိုးသားဥယျာဉ် စသည့်သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ စစ်ကိုင်းတိုင်းဒေသကြီး၏ မဟာမြိုင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လင်းနို့ဂူတောင် ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ၊ ဇလုံတောင် အမျိုးသားဥယျာဉ် စသည့်သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ မကွေးတိုင်းဒေသကြီး၏ မန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရခိုင်ပြည်နယ်၏ နံ့သာကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ ရှမ်းပြည်နယ်၏ လွိုင်ဆမ်ဆစ်တောင် သဘာဝကြိုးဝိုင်းနှင့် ပန်းလောင်နှင့်ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တို့ချဲ့သဘာဝထိန်းသိမ်းရေးနယ်မြေများသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ရေးရာအတွက်သာမက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်လုပ်ငန်းကဏ္ဍအသီးသီးအတွက်ပါ အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။ သဘာဝသယံဇာတအမွေအနှစ်များ၊ အဆိုပါအမွေအနှစ်များနှင့် ဆက်စပ်နေသော တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ အသက်မွေးမှုဆိုင်ရာ မိရိုးဖလာကျွမ်းကျင်မှုများ၊ ဗဟုသုတများကိုပါ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို အရှိန်အဟုန်ဖြင့် ဖွဲ့စည်းနေသကဲ့သို့ တစ်ဖက်ကလည်း ပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ရည်ရွယ်ချက်အမျိုးမျိုးအတွက် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို ဆက်စပ်ပတ်သက်သော ဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများနှင့် ညှိနှိုင်းပြီး အတိုင်းအတာတစ်ခုအထိ ပယ်ဖျက်ပေးခဲ့ရသည်များလည်းရှိသည်။ ၁၉၈၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ဧရိယာ ၁၀၂၁,၈၈၈ ဒသမ ၅၈ ဧက၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ၆၃၃,၄၅၅ ဒသမ ၃ ဧကနှင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ၂၈,၇၈၂ ဒသမ ၉၇ ဧက၊ ၂၀၂၁ ခုနှစ်မှ ၃၁-၃-၂၀၂၂ အထိ ဧက ၂,၄၅၄ ဒသမ ၈၀ စုစုပေါင်း ဧရိယာ ၁,၆၈၆,၅၈၁ ဒသမ ၆၅ ဧကကို ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည်။ ပယ်ဖျက်ပေးခဲ့သော ဧရိယာပမာဏသည် လက်ရှိဖွဲ့စည်းသတ်မှတ်ပြီး ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောဧရိယာ၏ ၃ ဒသမ ၉၁ ရာခိုင်နှုန်းရှိသည်။

### သစ်တောထိန်းသိမ်းရေးနှင့် နိုင်ငံတကာကတိကဝတ်များ

ရာသီဥတုပြောင်းလဲမှု လျော့ချရေးအတွက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (UNFCCC) သို့ အဖွဲ့ဝင်နိုင်ငံများက တင်သွင်းကြရမည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contribution – NDC) ကို မြန်မာနိုင်ငံက ၂၀၂၁ ခုနှစ်တွင် တင်သွင်းခဲ့ပြီး ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် အဓိက လုပ်ငန်းကဏ္ဍများအနက် သစ်တောကဏ္ဍကို အဓိကလုပ်ငန်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းထားသည်။

သစ်တောနယ်မြေများ (ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ) ကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပြီး ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေး၊ သစ်တောများအရည်အသွေးပိုမိုကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် သစ်တောများထိန်းသိမ်းရေးအတွက် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းမှုကို နှစ်စဉ်လျာထားချက် ပြည့်မီစေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသော ကြေးတိုင်ပုံစံများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများနှင့် ဆက်စပ်ပတ်သက်သော ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာနှင့်အဝန်းတွင် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍကို ပိုမိုအသိအမှတ်ပြု အလေးထားလာကြသည်ဖြစ်ရာ ကမ္ဘာ့ကုလသမဂ္ဂ၏ **သစ်တောများဆိုင်ရာ နယူးယောက်ကြေညာချက် (၂၀၁၄)** တွင် ကမ္ဘာ့အပူချိန် ၂ ဒီဂရီဆဲလ်ဆီးယပ် လျှော့ချနိုင်ရန်အတွက် ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှုလုံးဝမရှိစေရေး ရည်မှန်းပြီးဆောင်ရွက်သွားရန်နှင့် တောနိမ့်တောပျက် ဟက်တာသန်း ၂၀၀ ကို ပြန်လည် တည်ထောင်ထိန်းသိမ်းရန် ရည်မှန်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့နိုင်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် အင်္ဂလန်နိုင်ငံ ဂလပ်စ်ဂိုးမြို့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ကွန်ဗင်းရှင်း၏ (၂၆) ကြိမ်မြောက်ညီလာခံ (UNFCCC COP 26) တွင် **ကမ္ဘာ့ခေါင်းဆောင်များ၏ သစ်တောနှင့်မြေအသုံးချမှုဆိုင်ရာ ကြေညာချက်**ကို ထုတ်ပြန်ခဲ့ပြီး **သစ်တောပြုန်းတီးမှုနှင့်မြေအတန်းအစား ကျဆင်းမှုတို့အား လျှော့ချရန်နှင့် သစ်တောထိန်းသိမ်းရေး**ကို အတူတကွ ပူးပေါင်းကာ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန် ကတိကဝတ်ပြုခဲ့ကြသည်။

၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ **ကုလသမဂ္ဂ ဂေဟစနစ်များ ပြန်လည်တည်ထောင်ရေးဆယ်စုနှစ်** (United Nations Decade on Ecosystem Restoration) ဟု သတ်မှတ်ခဲ့ပြီး ဂေဟစနစ်များ ပြန်လည်တည်ထောင်ရေးကို ကမ္ဘာနှင့်အဝန်း တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

### သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရေး

အမျိုးသားမြေအသုံးချမှု မူဝါဒ (၂၀၁၆) တွင် မြေသယံဇာတများသည် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်ရည်မှန်းချက်ချမှတ်ပြီး အထူးအလေးထား စီမံအုပ်ချုပ်အသုံးချရမည့် အရင်းအမြစ်များ ဖြစ်ကြောင်းနှင့် မြေအရင်းအမြစ်များကို စနစ်တကျအသုံးချ စီမံခန့်ခွဲနိုင်သည်နှင့်အမျှ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ ပြည့်ဝလာစေရန် ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။

သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်သုံးစွဲနိုင်ရန် ဖွဲ့စည်းထားခြင်းသာမက ငွေကြေးဖြင့် ဝယ်ယူ၍ မရနိုင်သော၊ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ စဉ်ဆက်မပြတ်တိုးပွားရေး၊ သစ်တောသယံဇာတများကို စနစ်တကျထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရေး၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာ ကတိကဝတ်များ ဖြည့်ဆည်းရေး စသည့်အကျိုးကျေးဇူး အမျိုးမျိုးရရှိရေးအတွက် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။

ထို့ကြောင့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ဖွဲ့စည်းတည်ထောင်ခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများ၊ အကျိုးဆက်စပ်ဌာနများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက သစ်တောဦးစီးဌာနနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ရည်မှန်းချက်နှင့်အညီ တိုးချဲ့ဖွဲ့စည်းနိုင်ပြီး သစ်တောသယံဇာတများကို သားစဉ်မြေးဆက်တိုင်အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ။

# ၂၀၂၂ ခုနှစ် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

*ကျောက်မျက်သက်*

ကျောက်မျက်ရတနာများကို လူသားတို့သည် အဆင်တန်ဆာအဖြစ် လှပစွာတန်ဖိုးထားဆင်မြန်းကြသည်။ ထိုကဲ့သို့ လှပစွာဆင်မြန်းတန်ဖိုးထားကြသော ကျောက်မျက်ရတနာများသည် ဘူမိအနေအထားကြောင့် မြန်မာ့မြေတွင် ကျောက်မျက်ရတနာတွင်းထွက်အမျိုးအစားအားဖြင့် ၇၅ မျိုးအထိ စုံလင်စွာဖြစ်ထွန်းတည်ရှိနေသည်။ ထိုသို့ အမျိုးအစားစုံလင်လှသော မြန်မာ့အဖိုးတန် ကျောက်မျက်ရတနာသယံဇာတများသည် နိုင်ငံတော်အတွက် အကျိုးစီးပွားဖြစ်ထွန်းစေသည့် အခွင့်အလမ်းများဖြစ်လာစေရန် နိုင်ငံ၏သမိုင်းစဉ်တစ်လျှောက်လုံး ဖော်ဆောင်ပေးနိုင်ခဲ့သည်။

**ပထမဆုံးအကြိမ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ**

နိုင်ငံတော်အတွက် အကျိုးစီးပွားဖြစ်ထွန်းစေမှုကို သမိုင်းစဉ်တစ်လျှောက်လုံးအတွက်သာမက အနာဂတ်မျိုးဆက်များ၏ ရေရှည်အကျိုးဖြစ်ထွန်းမှုများ ဖော်ဆောင်ပေးနိုင်မည့် ကျောက်မျက်ရတနာသယံဇာတများကို နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရန် ပထမဆုံးအကြိမ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၄ ခုနှစ်တွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ စတင်ပြုလုပ်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနိုင်ခဲ့မှုကို လေ့လာကြည့်မည်ဆိုလျှင် ၁၉၆၄ ခုနှစ် ပထမအကြိမ် ကျောက်မျက်ရတနာပြပွဲမှ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ အကြိမ်(၃၀)မြောက်ပြပွဲအထိ ပြပွဲပေါင်း ၃၁ ပွဲကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌လည်းကောင်း၊ ၁၉၉၃ ခုနှစ် နှစ်လယ်ပြပွဲမှ ၂၀၀၆ ခုနှစ် မတ်လ (၄၃)ကြိမ်မြောက်ပြပွဲအထိ ပြပွဲပေါင်း ၃၅ ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ၌ လည်းကောင်း၊ ၂၀၀၆ ခုနှစ် ဇွန်လ၊ ဇူလိုင်လအထူးပြပွဲမှ ၂၀၁၀ ပြည့်နှစ် ဇွန်၊ ဇူလိုင်အထူးပြပွဲအထိ ပြပွဲပေါင်း ၁၃ ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌လည်းကောင်း ကျင်းပခဲ့နိုင်သည်ကို တွေ့ရှိရသည်။

ယခု (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည်။ ယခုပြပွဲတွင် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ပြည်တွင်းပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်အသုံးပြု၍ နိုင်ငံခြားငွေဖြင့် ရောင်းချလျက်ရှိသည်။

"ပုလဲအတွဲတွေကို အမေရိကန်ဒေါ်လာနဲ့ ကြမ်းခင်းဈေးသတ်မှတ်ထားရှိပေမယ့် ငွေပေးချေရာမှာ ပြည်ပရတနာကုန်သည်တွေအနေနဲ့ အမေရိကန်ဒေါ်လာ၊ ယွမ်နဲ့ အခုပြပွဲမှာ ပေးချေနိုင်တယ်။ ပြည်တွင်းရတနာကုန်သည်တွေကတော့ ကျပ်၊ အမေရိကန်ဒေါ်လာ၊ ယွမ်ငွေ ကြိုက်တာနဲ့ ပေးချေနိုင်တယ်။ ဒီလိုပဲ ကျောက်မျက်၊ ကျောက်စိမ်းအတွဲတွေကို ယူရိုငွေနဲ့ ကြမ်းခင်းဈေး သတ်မှတ်ထားရှိပေမယ့် ပြည်ပကုန်သည်က အမေရိကန်ဒေါ်လာ၊ ယွမ်ငွေနဲ့ ပေးချေနိုင်တယ်။ ပြည်တွင်းကတော့ ကျပ်ငွေနဲ့ပါ ပေးချေနိုင်တယ်"ဟု မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပုလဲအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးကို အမေရိကန်ဒေါ်လာ တစ်ထောင် သတ်မှတ်ထားပြီး ကျောက်မျက်အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၅၀၀ ဖြစ်သည်။ ထို့အတူ ကျောက်စိမ်းအချောထည်များအတွက် အနိမ့်ဆုံးအခြေခံဈေးကို ယူရို ၁၀၀၀ သတ်မှတ်ထားပြီး ကျောက်စိမ်းရိုင်းအတွဲများအတွက် အနိမ့်ဆုံး အခြေခံဈေးကို ယူရိုငွေ ငါးထောင် သတ်မှတ်ထားကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ သိရသည်။





(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲနှင့် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များ ကြည့်ရှုလေ့လာနေစဉ်။

ပြပွဲတွင် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ဝယ်ယူလိုသည့် ရတနာကုန်သည်များအနေဖြင့် အာမခံစပေါ်ငွေများအား ကြိုတင်ပေးသွင်းထားရမည်ဖြစ်သည်။ အာမခံစပေါ်ငွေအဖြစ် ပုလဲအတွဲများအတွက် ပြည်ပရတနာကုန်သည်များကို အမေရိကန်ဒေါ်လာ ၂၀၀၀ နှင့် ပြည်တွင်းရတနာကုန်သည်များကို ၃၇ သိန်းကျပ်၊ ကျောက်မျက်အတွဲများအတွက် ယူရို ၂၀၀၀ နှင့် ကျောက်စိမ်းအတွဲများအတွက် ယူရိုနှစ်သောင်းကို အနည်းဆုံးပေးသွင်းကြရမည်ဖြစ်သည်။

**ရောင်းရငွေ၏တန်ဖိုးအပေါ် အခွန်၊ အခနှုန်းထား**

ယခုကျင်းပလျက်ရှိသည့် ၂၀၂၂ ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများအတွက် ရောင်းရငွေ၏ တန်ဖိုးအပေါ် အခွန်၊ အခနှုန်းထားကို ရတနာခွန် ၁၁ ရာခိုင်နှုန်း၊ ဝန်ဆောင်ခ သုံးရာခိုင်နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး ပုလဲအတွဲများအတွက် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်သည်။

(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြပွဲဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပြပွဲသို့ ပြည်တွင်းပြည်ပရတနာကုန်သည်များ အဆင်ပြေချောမွေ့စွာ တက်ရောက်ဝယ်ယူနိုင်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိသည်။

ပြပွဲအတွက် စီစဉ်ဆောင်ရွက်ထားမှုနှင့်စပ်လျဉ်း၍ "ကျောက်မျက်ရတနာပြပွဲတွေကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပတာဖြစ်ပါတယ်။ ပြပွဲ အောင်အောင်မြင်မြင်ကျင်းပနိုင်ဖို့အတွက် ဗဟိုကော်မတီအောက်မှာ သက်ဆိုင်ရာ လုပ်ငန်းကော်မတီတွေကို ဖွဲ့စည်းထားပါတယ်။ ပြပွဲနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတွေဖြစ်တဲ့ အာမခံစပေါ်ငွေ ပေးသွင်းမှု၊ ကျောက်အတွဲအတွက် ငွေပေးချေမှု၊ အခွန်ကောက်ခံမှုများ ချောမွေ့လွယ်ကူစေဖို့၊ ပြပွဲတက်ရောက်လာတဲ့ ရတနာကုန်သည်တွေ ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေးတို့ အဆင်ပြေစေဖို့၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လုံခြုံရေး စတာတွေ စိတ်ချ၊ ကောင်းမွန်စေဖို့ သက်ဆိုင်တဲ့ လုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မယ့် လုပ်ငန်းကော်မတီတွေ ဖွဲ့ပြီး စီစဉ်ဆောင်ရွက်ရပါတယ်" ဟု မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခေတ်အဆက်ဆက် နိုင်ငံခြားငွေဖြင့် ရောင်းချခဲ့သည့် ကျောက်မျက်ပြပွဲပေါင်း ၉၆ ပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ပြပွဲပေါင်း ၁၉ ပွဲကို အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့သည်။ ထိုပွဲများအနက်မှ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ နှစ်လယ်ပြပွဲမှစတင်၍ ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) အထိ ပြပွဲ ၁၇ ပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

**အလေးချိန် ၃၈ ဒသမ ၁၂ ကရက်ရှိ မိုးကုတ်ပတ္တမြားကို ရောင်းချနိုင်ခဲ့**

ပြပွဲများအတွင်း နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ပြုလုပ်ခဲ့သည့် ၂၀၁၃ ခုနှစ် အကြိမ်(၅၀)မြောက် ကျောက်မျက်ရတနာပြပွဲတွင် ယူရိုငွေ ၁၃၁၇ ဒသမ ၉၁ သန်းဖြင့် အများဆုံးရောင်းချရရှိခဲ့သည်။ ထို့အတူ နိုင်ငံခြားငွေယူရို ၃၃ ဒသမ ၃၃ သန်းဖြင့် ရောင်းချရရှိခဲ့သော ကျောက်စိမ်းတွဲသည် ဈေးအများဆုံးရောင်းရသော ကျောက်စိမ်းအတွဲအဖြစ် ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချနိုင်ခဲ့သည်။ ဈေးအများဆုံးကျောက်မျက်ရိုင်းအနေဖြင့် ၁၉၉၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အမေရိကန်ဒေါ်လာ ၅၈၆၁၁၈၀ ဖြင့် အလေးချိန် ၃၈ ဒသမ ၁၂ ကရက်ရှိ မိုးကုတ်ပတ္တမြားကို ရောင်းချနိုင်ခဲ့သည်။

ထိုကဲ့သို့ ပြပွဲများကျင်းပကာ မြန်မာ့ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြင့် ကျောက်မျက်ရတနာရောင်းဝယ်သူများအတွက် ငွေကြေးလည်ပတ်ခြင်း၊ ကျောက်မျက်ရတနာအချောထည် လုပ်ကိုင်သူများအတွက် ကုန်ကြမ်းရရှိခြင်းနှင့် ကျောက်မျက်ရတနာကဏ္ဍမှ လုပ်သားများအတွက် အလုပ်အကိုင်များအဆင်ပြေခြင်း စသည့် အခွင့်အလမ်းများကို ရရှိလာနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်ရွယ်သည့် ၂၀၂၂ ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏စီစဉ်မှုဖြင့် ဧပြီလ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့အထိ ခုနစ်ရက်တာ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည်ကို တင်ပြရေးသားလိုက်ရပါသည်။ ။

✣ **ခေတ်အဆက်ဆက် နိုင်ငံခြားငွေဖြင့် ရောင်းချခဲ့သည့် ကျောက်မျက်ပြပွဲပေါင်း ၉၆ ပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ပြပွဲပေါင်း ၁၉ ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့**

✣ **နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပြုလုပ်ခဲ့သည့် ၂၀၁၃ ခုနှစ် အကြိမ်(၅၀)မြောက် ကျောက်မျက်ရတနာပြပွဲတွင် ယူရိုငွေ ၁၃၁၇ ဒသမ ၉၁ သန်းဖြင့် အများဆုံးရောင်းချရရှိခဲ့**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၄-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ တောရွှေဂုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၂၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၂:၃၀** MRTV National News
**၁၂:၅၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏(၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု
**၁၆:၃၅** အသိပညာနှင့်အမှန်တရား '**မြတ်နိသာ**'
**၁၇:၁၀** ခေတ်အလိုက်ကြေးမုံပြင် '**ကျော်ဖြစ်ရှစ်ကြွင်းဖြဲခန်း**' (အမျိုးသားပြတိုက်)
**၁၇:၃၀** MRTV Travelogue
**၁၇:၄၅** Road to 31st SEA Games Vietnam (Boxing)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ငအောင်ပွဲပဏ္ဍိုင် ရင်ဆိုင်ချိုတက်**' (အပိုင်း-၃၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်**' (အပိုင်း-၁၅)

### mitv

**07:01** Evergreen Classic: Myat Day Thanar (Pan Ei Phyu)
**07:09** Myanmar Traditional Snacks: Sago with coconut milk
**07:15** Ecotourism: Bat Cave and Chatthin Wildlife Sanctuary
**07:27** Mon Traditional Dishes
**07:37** Myanmar's Traditions and Culture "Myanmar Pottery"
**08:00** Tapestry - A Unique Combination Of Painting and Craftsmanship
**08:18** Mekong-Lancang Cooperation: Puppet Festival- Alchemists Dance
**08:22** Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
**08:29** Mularsheedi we love!
**08:37** Reflected Glory
**09:01** News
**09:26** Global Partnership for Brighter Future: Singapore Pavilion at Expo 2020 Dubai
**09:34** Kyaw Min Thu (Winner) Lose2Win With Andy
**09:47** Buddha Image Built Of Bamboo Strip

### MRTV NRC

**နောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၆)
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
မျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ကရင်အိမ်သို့အလည်တစ်ခေါက်
**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၅)
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
အနာဂတ်ကြယ်ပွင့်လေးရဲ့ကျောင်းပိတ်ချိန်
**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ပုဇွန်တက်နဲ့ဟင်းခပေါင်းသီးကြော်
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပင်လောင်းရှမ်းစက္ကူ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဆန်တိုပူးပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခနူးရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ဖြူလူမျိုးအများစုနေထိုင်ရာတောင်ကျွန်းလေး

### MRTV NEWS

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၀:၁၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၀၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏(၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

### MRTV FARMERS'

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** တောင်သူတွေအကျိုးများ အော်ဂဲနစ်စိုက်နည်းများ
**၀၇:၃၅** အသားတိုးကြက်မွေးမြူရေးမှသည် ကျေးလက်ပြည်သူများ ဝင်ငွေတိုးပွားရေးဆီသို့
**၀၇:၅၀** ရွှေဘိုပေါ်ဆန်း
**၀၈:၁၅** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
**၀၉:၄၀** တီကောင်မွေးမြူရေးနှင့်တီစွန့်ပစ်မြေဩဇာ ထုတ်လုပ်သုံးစွဲရေး
**၀၉:၅၅** တောင်တန်းဆီကပဲပုပ်သုတေသန

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

---

## တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (ဝိဇ္ဇာအထူးပြု) ဒုတိယအသုတ်နှင့် တတိယအသုတ်တို့၏ အနီးကပ်သင်တန်းများဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် **နောက်ဆုံးနှစ်** (ဝိဇ္ဇာအထူးပြု) ဒုတိယအသုတ်နှင့် တတိယအသုတ်တို့၏ အနီးကပ်သင်တန်းများကို အောက်ပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည် -

| စဉ် | သင်တန်းနှစ်၊ဘာသာရပ် | အနီးကပ်ပို့ချတန်းကာလ |
|---|---|---|
| ၁ | **ဒုတိယအသုတ်**<br>စတုတ္ထနှစ်၊ အဝေးသင်ဝိဇ္ဇာသင်တန်းများ (အထူးပြုဘာသာရပ်များ - အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ)နှင့် ပဉ္စမနှစ် (ဥပဒေပညာ) သင်တန်း | (၁၉-၅-၂၀၂၂) ရက်နေ့မှ<br>(၂၈-၅-၂၀၂၂) ရက်နေ့ထိ |
| ၂ | **တတိယအသုတ်**<br>စတုတ္ထနှစ်၊ အဝေးသင်ဝိဇ္ဇာသင်တန်းများ<br>(အထူးပြုဘာသာရပ်များ - မြန်မာစာ ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံ) | (၆-၆-၂၀၂၂) ရက်နေ့မှ<br>(၁၅-၆-၂၀၂၂) ရက်နေ့ထိ |

အဆင့်မြင့်ပညာဦးစီးဌာန

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၄ - ၂၀၂၂

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၂၀၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၉၃၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၂၀၅၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၉၃၂၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၃၅/၂၁၄၀ ကျပ် | ၂၁၈၅/၂၁၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၆၅/၂၁၇၀ ကျပ် | ၂၂၂၅/၂၄၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၃၀/၁၈၄၅ ကျပ် | ၁၈၈၀/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၈၇၀/၁၈၇၀ ကျပ် | ၁၉၉၀/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၇၈ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၇ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၀၇၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၄၈ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၂ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၁၅၀ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၇၈၀၀ | ၃၇၆ | ၂၉၃၂၈၀၀ |
| MTSH | ၂၆၅၀ | ၂၇၀၀ | ၆၄၂ | ၁၇၁၇၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၄၀၀ | ၇၂၀၀၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁၀ | ၂၆၅၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်

---

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ်လမ်း မိုင်(၉၇/၆–၉၇/၇) အတွင်း ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

❑ ရှေ့ဖုံးမှ

“တောင်ဆင်းတောင်တက်များတဲ့ တောင်ပေါ်ဒေသတွေဖြစ်တဲ့အတွက် လမ်းကောင်းမှ အဆင်ပြေမှာပါ။ အခုကလမ်းတွေ တော်တော်ကောင်းနေပါပြီ။ လမ်းကောင်းတော့ ယာဉ်မောင်းလည်းသက်သာတယ်၊ ကားလည်းသက်သာတယ်။။ အတက် အဆင်း မတ်စောက်ပြီး အကွေ့ကြီးတဲ့နေရာတွေမှာ ကားကြီးတွေ အဆင်ပြေပြေသွားလို့ရအောင် ပြင်ဆင်ပေးထားပါတယ်။ လမ်းကြောင့်တော့ ယာဉ်အန္တရာယ်မဖြစ်အောင် ဆောင်ရွက်ထားပြီဖြစ်တဲ့အတွက် အဆင်ပြေပြေသွားလာနိုင်ကြပါပြီ” ဟု လမ်းအသုံးပြုသူ ကုန်တင်ယာဉ်ကားမောင်းသူ ဦးဇေယျာလင်းက ပြောသည်။

**သွားရေးလာရေး အလှမ်းမဝေးတော့ပါ**

စတုရန်းကီလိုမီတာ ၁၅၅၄၅၈ ကျယ်ဝန်းကာ နိုင်ငံ့စုစုပေါင်းဧရိယာ၏ လေးပုံတစ်ပုံနီးပါးရှိသော ရှမ်းပြည်နယ်သည် ရှမ်းမြောက်၊ ရှမ်းတောင်နှင့် ရှမ်းအရှေ့ဟူ၍ အပိုင်းသုံးပိုင်း ဖွဲ့စည်းတည်ရှိနေသည်။ ပြည်နယ်မြို့တော်တည်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် လမ်းဦးစီးဌာနမှ ခရိုင်သုံးခု၊ လမ်းအထူးအဖွဲ့သုံးဖွဲ့၊ တံတားဦးစီးဌာနမှ တံတား အထူးအဖွဲ့နှစ်ဖွဲ့ဖြင့် လမ်း/ တံတား လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဘဏ္ဍာနှစ်အလိုက် လမ်းပိုင်းများ မြှင့်တင်ဆောင်ရွက်ခဲ့သည့်အတွက် ရှမ်းပြည်နယ်တောင်ပိုင်း ပြည်နယ်မြို့တော် တောင်ကြီးမြို့သို့ သွားရေးလာရေး အလှမ်းမဝေးတော့ပါ။

“ကျွန်တော်တို့ လမ်းဦးစီးဌာနအနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ နှစ်စဉ်ရရှိတဲ့ ဘဏ္ဍာရန်ပုံငွေနဲ့ လမ်းအဆင့်မြှင့်တင်တာ၊ လမ်းဖောက်လုပ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လက်ရှိမှာတော့ Paved Ratio အနေနဲ့ ကတ္တရာကွန်ကရစ် /ကွန်ကရစ် / ကတ္တရာလမ်း လမ်းမိုင်အချိုး ၈၃ ရာခိုင်နှုန်း ၊ လမ်းအကျယ် Width Ratio အနေနဲ့ ၁၈ ပေ / ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်/ ကွန်ကရစ် / ကတ္တရာလမ်းမိုင်အချိုး ၅၆ ရာခိုင်နှုန်းအထိ တိုးတက်လာပါပြီ” ဟု ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရဇော်က ပြောကြားသည်။

ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနသည် ပြည်ထောင်စုမှစီမံခန့်ခွဲလျက်ရှိသည့် လမ်း ကိုးလမ်း လမ်းမိုင်အရှည် ၇၉၇ မိုင် ဝ ဒသမ ၅ ဖာလုံ၊ ပြည်နယ်မှ စီမံခန့်ခွဲလျက်ရှိသည့် လမ်း ၆၂ လမ်း လမ်းမိုင်အရှည် ၁၆၈၇ မိုင် ၇ ဒသမ ၅ ဖာလုံကို တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

**တာဝန်ယူဆောင်ရွက်**

“ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း လမ်းအရေအတွက် စုစုပေါင်း ၇၁၊ လမ်းမိုင်အရှည်အားဖြင့် ၂၄၈၅ မိုင် ဝ ဖာလုံနဲ့ ပေ ၁၈ဝ အထက် သံကူကွန်ကရစ်တံတား အပါအဝင် စုစုပေါင်းတံတား ၇၃၇၉ စင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီလမ်းပိုင်းတွေထဲက လမ်းမိုင် ၁၇၁ မိုင် ၄ ဖာလုံကို ပုဂ္ဂလိကကုမ္ပဏီသုံးခုကနေ BOT စနစ်နဲ့ တာဝန်ယူဆောင်ရွက်နေပါတယ်” ဟု လမ်းဦးစီးဌာနမှ ညွှန်ကြား ရေးမှူး ဦးသူရဇော်က ရှင်းပြသည်။

လမ်းဦးစီးဌာနသည် လမ်းနှင့်တံတားများကို နိုင်ငံတော်မှ ချမှတ်ထားသည့် Good Governance, Clean Government မူဝါဒများ အကောင်အထည်ဖော်နိုင်ရန်အတွက် Regulatory Body အဖြစ် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ရာတွင် ပိုမိုထိရောက်စေရန် ဆောင်ရွက်ခြင်း၊ အရည်အသွေးပိုမိုကောင်းမွန်ပြီး ပြည်သူများအား ဝန်ဆောင်မှုပိုမိုပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်း (Standard Specification) များ၊ Rules & Regulations များ ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

**ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း**

ထို့အတူ လမ်းအုကြောင်းနှင့် လမ်းလွှာဒီဇိုင်းများ ပုံစံထုတ်ခြင်း၊ လမ်းဦးစီးဌာနသည် ပြည်သူ့လုပ်ငန်းနှင့် မြို့ပြဖွံ့ဖြိုးရေး ဝန်ကြီးဌာနပိုင် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသော လမ်းပေါ်ရှိ လမ်းလုပ်ငန်းများအား နှစ်အလိုက်စီမံကိန်းများ ရေးဆွဲခြင်း၊ နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် ပြုစု၍ ငွေလုံးငွေရင်းရန်ပုံငွေများ လျာထားဆောင်ရွက်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းရေးရန်ပုံငွေများ လျာထားဆောင်ရွက်ခြင်း၊ နိုင်ငံအတွင်းရှိ လမ်းမိုင်စာရင်းများ နှစ်စဉ်ပြုစုပေးခြင်း၊ လမ်းလုပ်ငန်းများအား BOT စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ပုတ်ပြတ်လုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ ဆောင်ရွက်သည့်လုပ်ငန်းများတွင် တည်ဆောက်ရေး ပစ္စည်းဝယ်ယူဖြန့်ဖြူးရေးများကိုလည်း Open Tender ပီပီပြင်ပြင် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးရသည်။

လမ်းဦးစီးဌာနသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး စာချုပ်စာတမ်း ခိုင်ခိုင်မာမာ ချုပ်ဆိုဆောင်ရွက်၍ လုပ်ငန်းများတာဝန်ပေးအပ်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်သည့်လုပ်ငန်းများအား ကြီးကြပ်စစ်ဆေးခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ (Department of Highways) ဖွဲ့စည်းပုံနှင့်အညီ လူ့စွမ်းအားနှင့်သင်တန်းဌာနခွဲ၊ စီမံခန့်ခွဲရေး/ မူဝါဒနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ/ လမ်းအန္တရာယ်ကင်းရှင်းရေးဌာနခွဲ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လမ်းထိန်းသိမ်းရေးဌာနခွဲနှင့် ဖြည့်တင်းရေးဌာနခွဲတို့အား အသစ်ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အခြားဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အပ်နှံလာသည့် လုပ်ငန်းများကို လက်ခံဆောင်ရွက်ပေး ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ လုပ်ငန်းများအား စီမံကွပ်ကဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရသည်။

ယင်းလုပ်ငန်းတာဝန်များနှင့်အညီ ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနသည် ဒေသတွင်းလမ်းများ ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် AC လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊

*စာမျက်နှာ ၂၁ သို့*

**❑ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လမ်းအမျိုးအစား လမ်းအခြေအနေမှာ ကတ္တရာကွန်ကရစ် AC လမ်း ၇၂ မိုင် ၂ ဖာလုံ ၁၉၈ ပေ၊ ကွန်ကရစ်လမ်း မိုင်၂၀၆ ဖာလုံ ၅၉၄ ပေ၊ ကတ္တရာလမ်း ၁၉၂၉ မိုင် ၇ ဖာလုံ ၄၁၆ ပေ၊ ကျောက်လမ်း ၅၄ မိုင် ၆ ဖာလုံ ပေ ၃၃၀ အမာခံလမ်း မိုင် ၁၃၀ ၃ ဖာလုံ ၄၄၂ ပေ၊ မြေလမ်း ၂၄၅ မိုင် ၁ ဖာလုံအထိ တိုးတက်လာခဲ့**



လွိုင်လင်– ပန်ကေတု– သီပေါလမ်း(လွိုင်လင်မြို့အထွက်) ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၁/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် မေ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂- ၂၀၂၃ ခု၊ ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ်(၁/၂၀၂၂) အား (၂-၅-၂၀၂၂)ရက်နေ့မှ (၁၀-၆-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း-၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊
  ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း-၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ဖုန်း-၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာင်မြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**



ဟံမြင့်မိုရ်- မြို့ကြီး- အောင်ပန်းလမ်း ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ပြီးစီးမှုမှတ်တမ်း ဓာတ်ပုံ။

*စာမျက်နှာ ၂၀ မှ*

အမာခံလမ်း၊ မြေလမ်း စသည့်လမ်းအမျိုးအစားများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု / ပြည်နယ်ရန်ပုံငွေတို့ဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း ၇ မိုင် ၂ ဖာလုံ၊ ၂၄ ပေ / ၁၈ပေ အကျယ်ကတ္တရာလမ်းချဲ့ခြင်း ၃၂ မိုင် ၄ ဖာလုံ၊ ၂၄ပေ / ၁၈ ပေ အကျယ်ရရန် ဒု-အခြေခံလွှာ/ အခြေခံလွှာဖြင့်ချဲ့ခြင်း ၁၂ မိုင် ၄ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၂၄ မိုင် ၄ ဖာလုံ ၊ ကျောက်တောင်/ မြေတောင်လမ်းချဲ့ခြင်း ၂၈ မိုင် ၁ ဖာလုံ၊ ပေ ၅၀ နှင့်အထက် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ၁၀ စင်း၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားနှင့် ရေပွှန်တည်ဆောက်ခြင်း ၄၁ စင်း၊ တံတားချဲ့ခြင်း/ ပြုပြင်ခြင်း ၁၂ စင်း ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ခြောက်လတာ ဘဏ္ဍာနှစ်အတွင်း ကျောက်စီရေမြောင်းနှင့် မြေကာနံရံတည်ဆောက်ခြင်း ၃၄၆၁ ပေ ၊ အသိပေး/ သတိပေးဆိုင်းဘုတ်စိုက်ထူခြင်း ၂၆၇ ခု နှင့် သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများစသည့် လုပ်ငန်းအပါအဝင် လုပ်ငန်းအမျိုးအစားပေါင်း ၂၁ ခု၊ လုပ်ငန်းအရေအတွက် ၄၀၈ ခုဖြင့် လမ်း/ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ခဲ့သည်။

ထို့ကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လမ်းအမျိုးအစားလမ်းအခြေအနေမှာ ကတ္တရာကွန်ကရစ် AC လမ်း ၇၂ မိုင် ၂ ဖာလုံ ၁၉၈ ပေ၊ ကွန်ကရစ်လမ်း မိုင်၂၀ ၆ ဖာလုံ ၅၉၄ ပေ၊ ကတ္တရာလမ်း ၁၉၂၉ မိုင် ၇ ဖာလုံ ၄၁၆ ပေ၊ ကျောက်လမ်း ၅၄ မိုင် ၆ ဖာလုံ ပေ ၃၃၀ အမာခံလမ်း မိုင် ၁၃၀ ၃ ဖာလုံ ၄၄၂ ပေ၊ မြေလမ်း၂၄၅မိုင်၁ဖာလုံအထိတိုးတက်လာခဲ့သည်။

**နှစ်ရှည်ပင်မစီမံကိန်း**

လမ်းများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရာတွင် နှစ်ရှည်ပင်မစီမံကိန်းတွင် ပါဝင်သောနိုင်ငံတကာနှင့် ဆက်သွယ်သည့်လမ်းများ၊ အဓိက ပြည်ထောင်စုလမ်းများအား ကတ္တရာလမ်း ၃ ဒသမ ၆၆ မီတာအကျယ်မှ ၅ ဒသမ ၅ မီတာအကျယ်ချဲ့ရန်နှင့် ၇ မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ်ရရှိအောင် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်ရန်၊ ပြည်နယ်လမ်းများအား ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်ရန်နှင့် ၃ ဒသမ ၆၆ မီတာ ၁၂ ပေ အကျယ်မှ ၅ ဒသမ ၅ မီတာ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဟူသည့် လုပ်ငန်းစဉ်များကို လမ်းဦးစီးဌာနမှချမှတ်ထားသည်။

ထိုကဲ့သို့ ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ပြီး အရည်အသွေးပြည့်မီသော လမ်းလုပ်ငန်းများဖြစ်စေရန် လမ်းဦးစီးဌာနမှ အရည်အသွေး စိစစ်ရေးအဖွဲ့များ၏ စစ်ဆေးစိစစ်မှုများဖြင့် ပြည်နယ်အတွင်းရှိ လမ်းပိုင်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခဲ့သည့် လမ်းများ၏ အရည်အသွေးကို စစ်ဆေးနိုင်ရန်အတွက် လမ်းများဆောင်ရွက်ရာတွင် ရှိရမည့် စံအရည်အသွေး Technical Specification ကို လမ်းဦးစီးဌာနက ဒီဇိုင်းထုတ်ပေးစဉ်ကပင် တစ်ပါတည်း သတ်မှတ်ထားကြောင်း သိရသည်။

**လမ်းတွေက အခြေခံလိုအပ်ချက်**

"ပြည်သူတွေအတွက် လူမှုစီးပွားဖွံ့ဖြိုးဖို့ စဉ်းစားရာမှာ ဆက်သွယ်သွားလာဖို့ လမ်းတွေက အခြေခံလိုအပ်ချက်ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လမ်းပိုင်းတွေ ကောင်းမွန်ဖို့ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အပြီးမှာ Paved Ratio ကတ္တရာကွန်ကရစ်/ ကွန်ကရစ်/ ကတ္တရာလမ်းဖြစ်ပြီး၊ လမ်းမိုင် အချိုး ၈၄ ရာခိုင်နှုန်း၊ လမ်း ၁၈ပေ/၂၄ပေ အကျယ်ဖြစ်ပြီး ကတ္တရာကွန်ကရစ်/ ကွန်ကရစ် / ကတ္တရာလမ်းမိုင်အချိုး ၅၇ ရာခိုင်နှုန်းအထိ တိုးတက်ဆောင်ရွက်နိုင်ဖို့ လျာထားပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသူရဇော်က ရှင်းပြသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် လမ်းကွန်ရက်အဆင့်မြှင့်တင်မှုအနေဖြင့် ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ကတ္တရာကွန်ကရစ် AC လမ်းခင်းခြင်း ၅ ဖာလုံ၊ ကွန်ကရစ်လမ်းခင်းခြင်း ၇ ဖာလုံ၊ ကတ္တရာလမ်းသစ်ခင်းခြင်း ၁၄ မိုင် ၇ ဖာလုံ ပေ ၃၃၀ ၊ ၂၄ပေ / ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၃၃ မိုင် ၇ ဖာလုံ ပေ ၃၃၀၊ ၂၄ ပေ/ ၁၈ ပေ အကျယ်ရရန် ဒု-အခြေခံလွှာ/အခြေခံလွှာဖြင့်ချဲ့ခြင်း ၂ မိုင် ၁ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း မိုင် ၄၀၊ ၄ ဖာလုံတို့ကို လမ်းဦးစီးဌာနအနေဖြင့် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်သည်။

ထို့အတူ ကျောက်တောင်/ မြေတောင်လမ်းချဲ့ခြင်း ၁၃ မိုင် ၃ ဖာလုံ၊ ပေ ၅၀ နှင့်အထက် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ရှစ်စင်း၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားနှင့် ရေပွှန်တည်ဆောက်ခြင်း ၂၇ စင်း၊ တံတားချဲ့ခြင်း/ ပြုပြင်ခြင်း ၁၀၅ စင်း၊ ကျောက်စီရေမြောင်းနှင့် မြေကာနံရံတည်ဆောက်ခြင်း ၅၃၀၉ ပေ၊ ကီလိုမီတာတိုင်/ အသိပေး/ သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း ၁၁၇၈ ခု နှင့် သာမန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများစသည့် လုပ်ငန်းများကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

ခရိုင် ၃ ခရိုင်၊ မြို့နယ် ၂၁ မြို့နယ် ဖွဲ့စည်းထားသော ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာစေရန်အတွက် အခြေခံကျသည့် လမ်းကွန်ရက်များကို ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနမှ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ပြည်သူ့အတွက် ဆောင်ရွက်ရာတွင် ဦးစီးဌာနမှ ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့် အညီ အရည်အသွေးပြည့်မီသော လမ်းလုပ်ငန်းများ ဖြစ်စေရန်အတွက်လည်း ကြိုးပမ်းဖော်ဆောင်နေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**မေရတနာ**



လဲချား- မိုင်းနောင်- မိုင်းရှူး- မိုင်းကောင်လမ်းပေါ်ရှိ နမ့်ပန်ချောင်းတံတားကိုတွေ့ရစဉ်။

## တစ်နှစ်ကျော်ကြာပြီးမှ ပြန်လည်စစ်ဆေးသည့် ITPEC စာမေးပွဲနှစ်ခုတွင် ၅၅၁ ဦး ဝင်ရောက်ဖြေဆို

**ရန်ကုန် မေ ၂၆**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Information Technology Professionals Examination Council(ITPEC) အသိအမှတ်ပြု စာမေးပွဲများကို မေ ၂၄ ရက်က စစ်ဆေးသည်။

စာမေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာသုံးခု၌ တစ်ပြိုင်တည်း စစ်ဆေးခြင်းဖြစ်သည်။ ITPEC စာမေးပွဲတွင် IT Passport(IP), Fundamental IT Engineer (FE)နှင့် Applied IT Engineer (AP)ဟု သုံးမျိုးရှိသည့်အနက် IP နှင့် FE စာမေးပွဲနှစ်ခုကိုသာ စစ်ဆေးခဲ့ခြင်းဖြစ်သည်။ IP စာမေးပွဲတွင် ဖြေဆိုသူ စုစုပေါင်း ၃၁၃ ဦးနှင့် FE စာမေးပွဲတွင် ဖြေဆိုသူ ၂၃၈ ဦး စုစုပေါင်း ၅၅၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက သတင်းထုတ်ပြန်ထားသည်။

ITPEC စာမေးပွဲများတွင် IP စာမေးပွဲသည် အခြေခံအဆင့်ဖြစ်ပြီး FE နှင့် AP စာမေးပွဲများသည် အဆင့်မြင့်စာမေးပွဲများဖြစ်သည်။ အဆင့်မြင့်ဖြစ်သည့် FE သို့မဟုတ် AP စာမေးပွဲများတွင် အောင်မြင်သူများသည် မြန်မာနိုင်ငံမှ တက္ကသိုလ်ဘွဲ့တစ်ခုခု မရသော်လည်း ဂျပန်အပါအဝင် ပြည်ပနိုင်ငံများတွင် အိုင်တီပညာရှင် အင်ဂျင်နီယာအဖြစ် အလုပ်လုပ်ခွင့် ရရှိနိုင်သောကြောင့် ITPEC စာမေးပွဲများသည် ဖြေဆိုသူများသည့် စာမေးပွဲများဖြစ်သည်။

မြန်မာနိုင်ငံသည် ဂျပန် ITPEC အဖွဲ့ဝင်အဖြစ် ITPEC စာမေးပွဲကို ယခင်က တစ်နှစ်လျှင် နှစ်ကြိမ် ဧပြီလနှင့် အောက်တိုဘာလတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ဦးဆောင်၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးစစ်ဆေးခဲ့ပြီး ၂၀၂၀ ခုနှစ်တွင်မူ စာမေးပွဲနှစ်ကြိမ်လုံး မစစ်ဆေးနိုင်ခဲ့ဘဲ ယခု ၂၀၂၂ ခုနှစ်တွင်မှ ပြန်လည်စစ်ဆေးနိုင်ခြင်း ဖြစ်သည်။ ယခင်နှစ်များက စစ်ဆေးခဲ့သော စာမေးပွဲများတွင် မြန်မာကျောင်းသားများ ဖြေဆိုမှုမှာ အရေအတွက် ထောင်ချီရှိခဲ့သလို အောင်မြင်မှုရာခိုင်နှုန်းမှာလည်း တိုးတက်ခဲ့ကြောင်း သိရသည်။ **ကိုစိုး**

## အူရီဒူးဆင်းကတ်များ ပျောက်ဆုံး / ပျက်စီးမှုအတွက် အလွယ်တကူ ပြန်လည်လျှောက်ထားနိုင်

**ရန်ကုန် မေ ၂၆**

အူရီဒူးဆင်းကတ်များကို သုံးစွဲနေသူများအနေဖြင့် ဆင်းကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်း ဖြစ်ပေါ်ခဲ့ပါက ယခင်ကဲ့သို့ အူရီဒူးကိုယ်ပိုင်အရောင်းဆိုင်များတွင်သာမက ယခုလအတွင်းမှစ၍ နီးစပ်ရာ အူရီဒူးအရောင်းကိုယ်စားလှယ်ဆိုင်များ သို့မဟုတ် အူရီဒူး E – Load ရောင်းချသည့်ဆိုင်များတွင်ပါ ဆင်းကတ်ကို အလွယ်တကူပြန်လည်လျှောက်ထားထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆင်းကတ်လဲလှယ်ပေးခြင်းဝန်ဆောင်မှုကို အရောင်းကိုယ်စားလှယ်များက ၎င်းတို့၏ Dealer App မှတစ်ဆင့် ပြုလုပ်ပေးမည်ဖြစ်ပြီး သုံးစွဲသူများအနေဖြင့် ပျောက်ဆုံး/ပျက်စီးသော ဆင်းကတ်ကို အမြန်ဆုံး ပြန်လည်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ သုံးစွဲသူများ အဆင်ပြေစေရေးအတွက် ယခုဝန်ဆောင်မှုကို ပြုလုပ်ပေးခြင်းဖြစ်ကာ ဝန်ဆောင်မှုရနိုင်မည့် ဆိုင်လိပ်စာများကို http://ore.do/k25wi ၌ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **ကိုစိုး**

## ပါဝါဘန့်တစ်လုံး ဝယ်တော့မယ်ဆိုရင် သတိပြုသင့်တဲ့အချက်များ

**မိုဘိုင်းဖုန်းနဲ့ ဝိုင်ဖိုင်စက်အပါအဝင် လျှပ်စစ်ပစ္စည်းတွေကို အသုံးများလာတဲ့ ယနေ့အချိန်အခါမှာ လျှပ်စစ်ဓာတ်အားအခြေအနေကြောင့် ပါဝါဘန့်တွေဟာ အသုံးများတဲ့ပစ္စည်းတစ်ခု ဖြစ်လာပါတယ်။ မြန်မာနိုင်ငံဈေးကွက်ထဲမှာလည်း ပါဝါဘန့်အမျိုးအစား မျိုးစုံကို ရောင်းချနေသလို ကိုယ်တိုင် စိတ်ကြိုက်တပ်ဆင်သုံးချင်တဲ့သူတွေအတွက် ဆားကစ်ပြား၊ ကိုယ်ထည်နဲ့ ဘက်ထရီတွေကို တစ်ခုချင်းစီ ရောင်းချတာမျိုးလည်း ရှိနေပါတယ်။ နေ့စဉ်အသုံးဝင်တဲ့ လူသုံးပစ္စည်းတစ်ခု ဖြစ်လာတဲ့ ပါဝါဘန့်တွေကို ဝယ်ယူရာမှာ သတိပြုသင့်တဲ့အချက်တွေကို ဖော်ပြလိုက်ပါတယ်။**



**(၁) ဝင်ဆံ့တဲ့ပမာဏ**

ပါဝါဘန့်တွေကို ဝယ်တဲ့အခါမှာ ပထမဆုံး သတိပြုရမယ့်အချက်က ဓာတ်အားသိုလှောင်နိုင်တဲ့ပမာဏ ဖြစ်ပါတယ်။ ယူနစ်အနေနဲ့ mAh (milliampere–hours)နဲ့ပြပြီး လက်ရှိ ဈေးကွက်ထဲမှာရောင်းနေတဲ့ ပါဝါဘန့်တွေဟာ အနည်းဆုံး ၅၀၀၀ mAh လောက်က စပြီး အများဆုံး ၅၀၀၀၀ mAh လောက်အထိ ရှိပါတယ်။ ပါဝါဘန့်ရဲ့ ဓာတ်အားဝင်ဆံ့နိုင်တဲ့ ပမာဏကတော့ များလေကောင်းလေဖြစ်ပါတယ်။


ဒါပေမယ့် တကယ်တမ်းအားသွင်းရာမှာ ပါဝါဘန့်ရဲ့ ဝင်ဆံ့တဲ့ပမာဏအတိုင်း ဖုန်းတွေကို ပြန်အားသွင်းပေးနိုင်မှာမဟုတ်တာ သတိပြုရမှာဖြစ်ပါတယ်။ ဘက်ထရီတစ်လုံးကနေ အခြားတစ်လုံးကို အားသွင်းရာမှာ စွမ်းအင်လိုအပ်ပြီး အဲဒီစွမ်းအင်ကိုလည်း ပါဝါဘန့်ထဲကနေပဲ ယူသုံးတဲ့အတွက် စွမ်းအင်ရဲ့ လေးပုံတစ်ပုံလောက်ဟာ အားသွင်းချိန်မှာ ကုန်သွားမှာဖြစ်ပါတယ်။ ဥပမာ ၁၀၀၀၀ mAh ပမာဏရှိတဲ့ ပါဝါဘန့်ကနေ ၅၀၀၀ mAh ပမာဏဘက်ထရီရှိတဲ့ ဖုန်းကို အားသွင်းမယ်ဆိုရင် နှစ်ကြိမ် သွင်းနိုင်ရမှာဖြစ်ပေမယ့် တကယ်တမ်းမှာတော့ ပထမတစ်ကြိမ်မှာ ရာနှုန်းပြည့်သွင်းနိုင်ပြီး နောက်တစ်ကြိမ်မှာ ၅၀ ရာခိုင်နှုန်းလောက်ပဲ အားသွင်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဈေးနှုန်းတတ်နိုင်ရင် ပမာဏများတဲ့ ပါဝါဘန့်မျိုးကို ရွေးချယ်သင့်ပါတယ်။

**(၂) အလေးချိန်နဲ့ အရွယ်အစား**

ပါဝါဘန့်တွေဆိုတာ အများအားဖြင့် သွားလေရာယူသွားရတဲ့ ပစ္စည်းဖြစ်လို့ အလေးချိန်အနေနဲ့ ပေါ့ပါးပြီး အရွယ်အစားကလည်း သေးလေ ပိုကောင်းလေဖြစ်ပါတယ်။ ဝိုင်ဖိုင်စက်တွေကို အချိန်ပြည့်ဖွင့်ထားချင်တာ၊ လက်ပ်တော့ပ်တွေကိုပါ အားသွင်းချင်တာ ဆိုရင်တော့ အရွယ်အစားကြီးပြီး ပမာဏပိုများတဲ့ ပါဝါဘန့်က ပိုကောင်းပါတယ်။ ပါဝါဘန့်နဲ့ ဖုန်းအားသွင်းရင်း ဂိမ်းဆော့တတ်တဲ့ လူငယ်တွေအနေနဲ့ ဆိုရင်တော့ အိတ်ကပ်ထဲထည့်ထားလို့ရတဲ့ အရွယ်အစားနဲ့ ဒီဇိုင်းမျိုးက ပိုသင့်တော်ပါတယ်။ အသုံးပြုမယ့်အခြေအနေအပေါ် မူတည်ပြီး ရွေးချယ်သင့်ပါတယ်။

**(၃) အားသွင်းပေါက်များ**

ပါဝါဘန့်တွေမှာ အနည်းဆုံးအနေနဲ့ ပါဝါဘန့်ကိုအားသွင်းဖို့ (input)အပေါက်တစ်ပေါက်နဲ့ ပါဝါဘန့်ကနေ ဖုန်းတွေကို အားပြန်သွင်းပေးဖို့ (output)အပေါက်တစ်ပေါက် ပါပါတယ်။ အားသွင်းစနစ်အတွက် ဒီအပေါက်တွေက အရေးကြီးတာမို့ သတိထားရွေးချယ်ရမှာ ဖြစ်ပါတယ်။ လက်ရှိဖုန်းတွေမှာ အားသွင်းပေါက်အနေနဲ့ Android ဖုန်းတွေက micro USB နဲ့ type C ကို သုံးကြပြီး iPhone တွေကတော့ Lightning port ကို သုံးပါတယ်။ အချို့ပါဝါဘန့်တွေမှာ အားသွင်းဖို့အတွက် micro USB, type C, Lightning port တွေ အကုန်ပါတဲ့အတွက် ပြဿနာမရှိပေမယ့် တစ်မျိုးတည်းပါတာမျိုးဆိုရင်တော့ ကိုယ့်ဖုန်းရဲ့ အားသွင်းပေါက်နဲ့ အမျိုးအစားတူတဲ့ ပါဝါဘန့်ကို ရွေးချယ်သင့်ပါတယ်။ ဒါမှ အားသွင်းကြိုးနှစ်ချောင်းနဲ့ အလုပ်ရှုပ်ရတဲ့ပြဿနာကို ရှောင်နိုင်မှာဖြစ်ပါတယ်။




**(၄) အားသွင်းစနစ်**

အားသွင်းစနစ်က ပါဝါဘန့်တွေအတွက် အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ ပါဝါဘန့်ရဲ့ သိုလှောင်နိုင်တဲ့ပမာဏ ပိုများတာနဲ့အမျှ အားသွင်းစနစ်ကလည်း ပိုကောင်းပြီး အမြန်အားသွင်းနိုင်တဲ့စနစ်မျိုး ပါဝင်ဖို့ လိုအပ်ပါတယ်။ ပါဝါဘန့်ထဲကို အားသွင်းရာမှာ အမြန်အားသွင်းစနစ်ကို 18W လောက်အထိ ထောက်ပံ့ပေးတဲ့ ပါဝါဘန့်မျိုးကို ရွေးသင့်ပါတယ်။

ပါဝါဘန့်ကနေ ဖုန်းကို အားပြန်သွင်းပေးတဲ့ Output မှာလည်း အားသွင်းစနစ်က အရေးကြီးပါတယ်။ ဖုန်းက အမြန်အားသွင်းစနစ်ကို ထောက်ပံ့ပေးတယ်ဆိုရင် ကိုယ့်ဖုန်းနဲ့ကိုက်ညီတဲ့ အမြန်အားသွင်းစနစ်ကို ပါဝါဘန့်က ထောက်ပံ့ပေးသလားဆိုတာကို ရွေးချယ်ရမှာ ဖြစ်ပါတယ်။ 18W အမြန်နှုန်းကို ထောက်ပံ့ပေးတဲ့ Quick Charge 2.0 စနစ်ကနေ လက်ရှိအချိန်မှာ 36W အမြန်နှုန်းအထိရတဲ့ Quick Charge 3.0 ၊ Dual Charge နဲ့ 100W အမြန်နှုန်းအထိရတဲ့ Quick Charge 5.0 နည်းပညာတွေကို ဖုန်းတွေမှာ အသုံးပြုနေပြီဖြစ်လို့ ကိုယ့်ဖုန်းကလက်ခံတဲ့ အမြန်အားသွင်းစနစ်နဲ့ အသင့်တော်ဆုံး ပါဝါဘန့်ကို ရွေးချယ်သင့်ပါတယ်။

**(၅) အမှတ်တံဆိပ်နဲ့ ဈေးနှုန်း**

အာမခံရောင်းတဲ့ နာမည်ကြီးတံဆိပ်တွေဟာ ဈေးကြီးသလို အရည်အသွေးလည်းကောင်းမွန်ကြပြီး ဈေးပေါပြီး နာမည်မရှိတဲ့ ပစ္စည်းတွေကတော့ အရည်အသွေးပိုင်းမှာလည်း ညံ့ပါတယ်။ ဈေးကွက်ထဲက ဈေးပေါတဲ့ ပါဝါဘန့်အများစုမှာဆိုရင် ရေးထားတဲ့ mAh အတိုင်းတောင် အပြည့်အဝမပါတဲ့ ပြဿနာမျိုးတွေ ရှိနေပါတယ်။ ပါဝါဘန့်အခွံထဲမှာ ဘက်ထရီရှစ်လုံးလောက် ထည့်ထားရင် လေးလုံးလောက်ကသာ တကယ်သုံးလို့ရပြီး ကျန်တဲ့လေးလုံးလောက်က ဆားကစ်နဲ့တောင်မချိတ်ဘဲ အလေးချိန်စီးရုံလောက် ထည့်ထားတာမျိုးအထိ ဖြစ်လေ့ရှိတာကို သတိထားရမှာဖြစ်ပါတယ်။ နာမည်ကြီးတဲ့ တံဆိပ်တွေကတော့ ဈေးကြီးတာနဲ့အမျှ အမြန်အားသွင်းစနစ်ရတာ၊ ရေရှည်ခံနိုင်တာ၊ ဆားကစ်ပျက်ခြင်း(Short Circuit)မဖြစ်အောင် ကာကွယ်တာနဲ့ အပူလွန်ပြီးမလောင်အောင် ကာကွယ်ပေးတာ စတဲ့ စနစ်တွေပါ ပါဝင်ပါတယ်။ ဒါကြောင့် အာမခံချက်ပါဝင်တဲ့ နာမည်ကြီးတံဆိပ်တွေကိုသာ ရွေးသုံးဖို့ အကြံပြုချင်ပါတယ်။

**(၆) အခြားအချက်များ**

သုံးရတာ လွယ်ကူဖို့ဟာလည်း ပါဝါဘန့်တွေဝယ်ရာမှာ သတိပြုရမယ့်အချက်တစ်ခုဖြစ်ပါတယ်။ သုံးရလွယ်ကူတယ်ဆိုရာမှာ ပါဝါဘန့်ထဲမှာရှိတဲ့ အားပမာဏကို မီးလုံးအရောင်( အနီ၊ အစိမ်း)နဲ့ ပြတာမျိုး အစား ရာခိုင်နှုန်းနဲ့ အတိအကျပြပေးတာမျိုးကို ရွေးချယ်သင့်ပါတယ်။ နောက်ပြီး အပြင်ကိုအမြဲယူသွားပြီး သုံးတဲ့သူတွေဆိုရင် လွတ်ကျတဲ့အခါ ကွဲနိုင်တဲ့ ပလတ်စတစ်ကိုယ်ထည်အစား ရော်ဘာအုပ်ထားတဲ့ ကိုယ်ထည်မျိုးကို ရွေးချယ်သင့်ပါတယ်။

ဈေးကွက်ထဲမှာတွေ့ရတဲ့ ပါဝါဘန့်တွေထဲမှာ အများစုဟာ ဖုန်းနဲ့ ဝိုင်ဖိုင်စက်တွေကို အားသွင်းဖို့လောက်သာဖြစ်ပေမယ့် အချို့ ပါဝါဘန့်တွေမှာတော့ အပိုလုပ်ဆောင်ချက်တွေအဖြစ် လက်နှိပ်ဓာတ်မီး၊ မီးခြစ် စသဖြင့် သုံးနိုင်အောင် ထုတ်လုပ်ရောင်းချထားတာတွေပါ ရှိပါတယ်။ မလိုအပ်ဘဲ အပိုလုပ်ဆောင်ချက်တွေ ထည့်ထားတာဟာ ပါဝါဘန့်ရဲ့ သက်တမ်းကို ပိုတိုစေတာမို့ ရှောင်သင့်ပါတယ်။ **ကျော်ဇင်ဦး**

**ကိုးကား – powerbank.guru**

# မိကျောင်း မိတ်လိုက်ရာသီ၌ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအနီးတွင် မိကျောင်းအန္တရာယ်ရှိနေ



ဘိုကလေးမြို့နယ်အနီး ချောင်းကမ်းစပ်တစ်ခု၌ မိကျောင်းတစ်ကောင်ကို တွေ့ရစဉ်။

**ဘိုကလေး မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကဒုံကနိကြိုးဝိုင်း၊ ပျဉ်ဒရယ်ကြိုးဝိုင်းတို့နှင့် ဆက်စပ်ရာ သဘာဝဒီရေတောများသည် ရေချိုရေငန်စပ် မိကျောင်းများ မျိုးပွားခိုလှုံကျက်စားရာ ဒေသများဖြစ်သည့်အတွက် အဆိုပါဒေသများရှိ မိကျောင်းများသည် မေလမှ ဇွန်လအထိ မိတ်လိုက်လေ့ရှိသဖြင့် မိကျောင်းများ၏ သဘာဝအမူအကျင့်အရ သော်လည်းကောင်း၊ အစာအာဟာရကြောင့်သော်လည်းကောင်း လူနှင့်တိရစ္ဆာန်များအတွက် မိကျောင်းအန္တရာယ်ရှိနေသည်။

အဆိုပါ မိတ်လိုက်ရာသီကာလအတွင်း ဘိုကလေးမြို့နယ်၊ ဖျာပုံမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ဒီရေတောများနှင့် ဆက်စပ်ရာဒေသများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများသည် ချောင်းကမ်းစပ်များ၌ အိမ်မွေးတိရစ္ဆာန်များ မွေးမြူလွှတ်ကျောင်းရန် မသင့်ကြောင်း၊ ရေလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် ချောင်းအတွင်းရေချိုးဆင်းခြင်းများတွင် ဂရုပြုရန်လိုအပ်ကြောင်း၊ ချောင်းအတွင်းသို့ ရေဆော့ကစားခြင်းများ မပြုလုပ်ကြရန် မိန်းမလှကျွန်းဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ နှစ်စဉ် သတိပေးနှိုးဆော်လျက်ရှိသည်။

ဘိုကလေးမြို့နယ်အတွင်းရှိ ဒီရေတောများနှင့်ဆက်စပ်ရာဒေသများတွင် မိကျောင်းများ မိတ်လိုက်၊ အသိုက်ဖွဲ့၊ သားပေါက်သည့်ကာလများတွင် နှစ်စဉ်နှစ်တိုင်း မိကျောင်းဆွဲခံရမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**မိုးစက်**
**(ဘိုကလေး)**

## နယ်သာလန်နှင့် စန္ဒားခမ်းနောင်တရားအာလူးအသင်း ပူးပေါင်း၍ မိုးကြိုအာလူးတစ်ဧက စမ်းသပ်စိုက်ပျိုးမည်

**နောင်တရား မေ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့၌ အာလူးစိုက်တောင်သူများ စိုက်ပျိုးရေးစနစ် တိုးတက်စေရန် ရည်ရွယ်၍ နယ်သာလန်နိုင်ငံ အာလူးပညာရှင်နှင့် စန္ဒားခမ်းနောင်တရားအာလူးအသင်းပူးပေါင်း၍ မိုးကြိုအာလူး တစ်ဧက စမ်းသပ်စိုက်ပျိုးမည်ဟု ၎င်းအသင်းမှ သိရသည်။

နောင်တရားမြို့၌ မိုးကြို၊ စကမိုးတွင်းနှင့် နွေရာသီများတွင် စီးပွားဖြစ် အာလူးစိုက်ပျိုးကြသည်။ ယခင်ကာလများတွင် မိုးကြိုအာလူးကို အများဆုံးစိုက်ပျိုးကြပြီး ယခုအခါ မြေဆီလွှာအချဉ်ပေါက်လာခြင်းကြောင့် မိုးကြိုအာလူးစိုက်ပျိုးမှု လျော့ကျခဲ့သည်။

နောင်တရားမြို့၌စန္ဒားခမ်းအာလူးအသင်းနှင့်အာလူးစိုက်တောင်သူများစုပေါင်း၍ မျိုးအာလူးများထိန်းသိမ်းခြင်း အာလူးဈေးကွက်မကျရန်နှင့် အာလူးအရည်အသွေး မကျဆင်းအောင်ထိန်းသိမ်းရန် ရည်ရွယ်၍ အာလူးအအေးခန်းကို တည်ဆောက်ထားပြီး စတင်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **ခွန်အောင်(နောင်တရား)**

## နှမ်း၊ ပဲတီစိမ်း၊ ငရုတ်နှင့် အရည်အသွေးမြင့်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် သမဝါယမကဏ္ဍကဆောင်ရွက်

**နေပြည်တော် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းများမှ စိုက်ပျိုးသီးနှံများဖြစ်သော နှမ်း၊ ပဲတီစိမ်း နှင့် ငရုတ်သီးနှံများကို အသင်းသားတောင်သူများ၏ လယ်ယာမြေဧက ၉၀၀၀ ပေါ်တွင် စိုက်ပျိုးထားရှိသည်။

ထို့ပြင် မိတ္ထီလာမြို့နယ် လှည်းပွဲကျေးရွာတွင် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်သူများ သမဝါယမအသင်းဖွဲ့စည်းပြီး ဝါစိုက်တောင်သူအသင်းသားများအား အရည်အသွေးမြင့်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ပံ့ပိုးချေးငွေများကို ဝါစိုက်တောင်သူများ လက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

**မြန်မာ့အလင်း**

## ကံမမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်သဖြင့် လူနေအိမ် ၁၅ လုံး အမိုးလန်ပျက်စီး၊ နွားတစ်ကောင် မိုးကြိုးထိမှန်၍ သေဆုံး

**ကံမ မေ ၂၆**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် မေ ၂၄ ရက် ညနေ ၅ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်သဖြင့် ကျောက်မဲကျေးရွာ၌ လူနေအိမ် ရှစ်လုံး၊ ပြအောင်းကျေးရွာ၌ လူနေအိမ် ခြောက်လုံးနှင့် အလယ်ကျေးရွာ၌ လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး အလယ်ကျေးရွာ၌ မိုးကြိုးထိမှန်၍ ခိုင်းနွားတစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါနေရာများသို့ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး စာရေးဝန်ထမ်းတို့ပူးပေါင်း၍ ပျက်စီးမှုများကို ပြင်ဆင်ဆောင်ရွက်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယခုနှစ်ပေါ်ဦးပေါ်ဖျား စိန်တလုံးသရက်သီးများ အထွက်နှုန်းနည်းပါးသည့်အတွက် ဈေးကောင်းရ

**မန္တလေး မေ ၂၆**

ယခုနှစ် ပေါ်ဦးပေါ်ဖျားထွက်ရှိလာသည့် စိန်တလုံးသရက်သီးများ အထွက်နှုန်းနည်းပါးသည့်အပြင် တရုတ်ဈေးကွက်ပို့ရန် နယ်စပ်လမ်းပိုင်း မဖွင့်သေးသောကြောင့် ပြည်တွင်းဈေးကွက်၌ ဈေးကောင်းများ ရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

လက်ရှိတွင် စိန်တလုံးသရက်သီးများမှာ အိတ်စွပ်သီးဆိုပါက အရွယ်အစားအလိုက် အလုံးရေ ၅၀ မှ ၆၀ ဝန်းကျင်ပါရှိသည့် ၁၆ ကီလိုဂရမ်တစ်ခြင်းလျှင် ငွေကျပ် ၃၃၀၀၀ မှ ၃၅၀၀၀ ဝန်းကျင်ဖြင့် ရောင်းချနေပြီး၊ ကြွေကျသရက်သီးများနှင့် အိတ်မစွပ်သရက်သီးများမှာ အရည်အသွေးအလိုက် တစ်တန်လျှင် ငွေကျပ်သုံးသိန်း၊ လေးသိန်း၊ ငါးသိန်းဖြင့် ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေ ၁၈ ရက်ညပိုင်းက မန္တလေးမြို့နဲ့ အနီးပတ်ဝန်းကျင်တွေမှာ လေပြင်းတိုက်ခဲ့တဲ့အတွက် သရက်ခြံတွေမှာ အသီးကြွေကျပြီး အရင်နှစ်ကထက် အထွက်နှုန်းလျော့ကျနိုင်ပါတယ်။ လေပြင်းတိုက်လို့ ကြွေတာနဲ့ ပိုးမွှားဒဏ်ကြောင့် အရင်နှစ်ကထက် အသီးထွက်နှုန်း ကျဆင်းပါလိမ့်မယ်။ အထွက်နှုန်းက အရင်နှစ်ထက် ၃၀ ရာခိုင်နှုန်း လောက်လျော့နိုင်ပါတယ်။ တရုတ်နယ်စပ် လမ်းပိုင်းက မပွင့်သေးဘူး။ ဒီအနေအထားအရ ပြည်တွင်းဈေးကွက်ကို အဓိကအားထားရမလိုဖြစ်နေပါတယ်။ ပေါ်ဦးပေါ်ဖျား စိန်တလုံးကတော့ ဈေးကောင်းရနေပါတယ်"ဟု ၎င်းကပြောသည်။



ဈေးကွက်တွင်ရောင်းချနေသည့် စိန်တလုံးသရက်သီးများ။

သရက်သီးများ ကြွေကျမှုဖြစ်စဉ်နှင့်အတူ သွင်းအားစုများ ဈေးနှုန်းမြင့်တက်ခြင်း၊ သရက်အိတ်စွပ်ခများမှာ ယခင်နှစ်က တစ်အိတ်လျှင် ၂၇ ကျပ် ဝန်းကျင်မှ ယခုဈေးမှာ ၄၇ ကျပ်ရှိနေသဖြင့် အိတ်စွပ်စရိတ် ကြီးမြင့်ခြင်းတို့ကြောင့် အသီးများကို ဆက်လက်ပြုစုခြင်းမပြုတော့ဘဲ ခြံပြတ်ရောင်းချမည့်သူများ ရှိနေသည့်အပြင် ကြွေကျသရက်သီးများကို ညှိနှိုင်းဈေးဖြင့် ရောင်းချမှုများလည်းရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မော်လမြိုင် မေ ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် ငါးမျိုးပြုန်းတီးမှုကာကွယ်ရေးနှင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် မော်လမြိုင်ခရိုင်အတွင်းရှိ မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံမြို့နယ်များရှိ တင်ဒါပိုက်ချက် လုပ်ငန်းရှင်များအား ငါးသယံဇာတ ထိန်းသိမ်းနိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မော်လမြိုင်ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းဇော်က တားမြစ်ကာလ (မေ/ဇွန်/ဇူလိုင်) လအတွင်း ငါးရစ်၊ငါးသန် ရာသီ၌ ငါးများအား မဖမ်းဆီးရေး၊ တားမြစ်ထားသော တစ် လက်မအောက် ပိုက်လွတ်နှင့် အဆိပ်ချနည်း၊ ဆေးချနည်း၊ ဘက်ထရီလျှော့တိုက် ငါးဖမ်းနည်းများဖြင့် ငါးများကိုဖမ်းဆီးခြင်းမပြုကြရေး၊ ဥကပ် ငါး/ပုစွန်များအား ဖမ်းဆီးခြင်းမပြုကြရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ငါးသယံဇာတများ ထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ တင်ဒါအောင်မြင်သောငါးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

| | |
|---|---|
| **လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ** | ➢ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၈၉ ဆူ | ၅၇၁ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၃၉ ခန်း | ၄၁၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၉ တိုင် | ၂၁ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၉၉ တိုင် | ၈၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၈၈ ခု | ၅၆၄ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၂ ကျင်း | ၂၀၈၈ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၇ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၉၄ ကျင်း | ၁၆၄၂ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၀၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၃၀၄။ | ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး နှင့်ဇနီး ဒေါ်ဥမ္မာမြင့်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၂၂၉၀၀၀၀ |
| ၂၃၀၅။ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိသားစု (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀ |
| ၂၃၀၆။ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်ကော်မရှင်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၆၀၀၀၀၀ |
| ၂၃၀၇။ | စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၆)ကျောင်းဆင်းအရာရှိများနှင့်မိသားစုများ (ကျောက်စာရုံစေတီ ၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၉၀၀၀၀၀ |
| ၂၃၀၈။ | ရန်ကုန်တိုင်း တိုက်ကြီးမြို့နေ ဗိုလ်ကြီးမောင်ချစ်(ငြိမ်း)+ဒေါ်ရီမိသားစုနှင့် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နေ ဦးသန်းဖေ+ဒေါ်အေးပုမိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၂၀၀၀၀၀၀ |
| ၂၃၀၉။ | အနန္တောအနန္တငါးပါးဦးထိပ်ထား၍ ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်ချိုချိုမြင့်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၂၃၁၀။ | ဒုတိယဗိုလ်မှူးကြီးလှဆင့် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)အားရည်စူး၍ ဒေါ်ခင်နှင်းဆီနှင့်သားများ မိသားစုကောင်းမှု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၂၃၁၁။ | ဦးကျော်ကျော်စိုး နှင့်ဇနီး ဒေါ်ယဉ်ယဉ်သိန်းမိသားစု | နေပြည်တော် | ၂၅၀၀၀ |
| ၂၃၁၂။ | အရာခံဗိုလ်မောင်မောင်၊ ဗိုလ်ကြီးအောင်ဇော်လတ်၊ တပ်ကြပ်ကြီးစာရေးဇော်လင်းတို့အား ရည်စူး၍ ကျန်ရစ်သူ ဒေါ်ခင်သန်းမိသားစုကောင်းမှု | တောင်ငူမြို့ | ၃၀၀၀၀၀ |
| ၂၃၁၃။ | ဒေါ်တင်မြနှစ်(ပညာရေး-ငြိမ်း)၊ မြေး မောင်ကောင်းဆက်သာ | ရေဦးမြို့ | ၂၀၀၀၀၀ |
| ၂၃၁၄။ | မိဘများဖြစ်သော ဦးထွေးမောင် နှင့်ဇနီး ဒေါ်မြသွင်၊ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချစ်ဆွေအားရည်စူး၍ ဒေါ်ရင်ရင်မြကောင်းမှု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၃၁၅။ | ဦးရဲလင်းမောင်နှင့် ဇနီး ဒေါ်ရတနာဝင်းမောင်မိသားစု | ကျောက်ဖြူမြို့ | ၂၀၀၀၀ |
| ၂၃၁၆။ | ဗိုလ်မှူးသန့်ဝေလှိုင် နှင့်ဇနီး ဒေါ်အေးဆုမွန်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၂၃၁၇။ | ဦးဘိုဝင်းနှင့်ဇနီး ဒေါ်ဝင်းဝင်းမြင့်၊ ဦးဝင်းပြည့်ကျော်မိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀ |
| ၂၃၁၈။ | ဦးကျင်မွန်+ဒေါ်လှစိန်၊ ဗိုလ်ကြီးစိုးညွန့်တင်၊ မမေနှင်းစိုးတို့အားရည်စူး၍ ဒေါ်ဉာဏသိင်္ဂီနှင့် နယူးတောင်းစတိုးဆိုင်မိသားစု (Garden light-၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၃၁၉။ | ဗိုလ်မှူးခန့်ဇော်လတ်(ကျဆုံး) အားရည်စူး၍ အဘွား ဒေါ်သိန်းကြည်၊ မိခင် ဒေါ်မြင့်မြင့်ဦး၊ အဒေါ် ဒေါ်ယဉ်မြတ်မင်း၊ ဒေါ်တင်လတ်မင်းမိသားစုကောင်းမှု (မဟာရံတံတိုင်းထောင့်တိုင်- ၁ တိုင်လှူဒါန်း) | မုံရွာမြို့ | ၁၅၀၀၀၀၀ |
| ၂၃၂၀။ | ဦးသက်မြင့်ဝေမိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၃၂၁။ | ဒေါ်ခင်သန်းထိုက်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၂၃၂၂။ | ဦးထင်မျိုး+ဒေါ်သင်းသင်းလှိုင် | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၃၂၃။ | ဒေါ်သန်းသန်း (အထက်တန်းပြ-TTC) | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၃၂၄။ | မိဘများနှင့်မောင်လေး၊ သားလေးတို့အားရည်စူး၍ ဒေါ်အေးအေးမူမိသားစုကောင်းမှု | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၃၂၅။ | ဦးခိုင်သာထွန်းနှင့်ဇနီး ဒေါ်ထွားရင်တို့အားရည်စူး၍ ဒေါ်ခင်မြရင်ကောင်းမှု | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၂၃၂၆။ | ဒေါ်မိမိကြီး | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၃၂၇။ | ဒေါ်ဌေးဌေးလွင်နှင့် မောင်နှမတစ်စု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၃၂၈။ | ဦးရဲဝင်းနှင့်ဇနီး ဒေါ်အေးငွေမိသားစု | မြစ်ကြီးနားမြို့ | ၁၂၀၀၀၀ |
| ၂၃၂၉။ | ဦးယဉ်ထွေးနှင့်ဇနီး ဒေါ်လှလှထွေး (သမီးကြီး) ဗိုလ်ကြီးထွေးနန္ဒာ၊ (သမီးလတ်)ဗိုလ်ကြီးထွေးသဥ္ဇာ၊ (သားငယ်)ဗိုလ်လောင်းထက်မိုးအောင်မိသားစု | မကွေးမြို့ | ၁၀၀၀၀၀ |
| ၂၃၃၀။ | ကွယ်လွန်သူ ဦးထွန်းကြည်အားရည်စူး၍ ဒေါ်သိန်းမြင့်မိသားစုကောင်းမှု (Garden light-၃ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၃၆၀၀၀၀ |

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဝယ်ယူမည့် (၈၀/၁၀၀)ကတ္တရာ တန်၂၀၀၊ (၆၀/၇၀) ကတ္တရာ တန်၆၀၊ ရေရောကတ္တရာ ၃၃ ဒသမ ၉တန်၊ စုစုပေါင်းပြည်နယ်အရန်ကတ္တရာ ၂၉၃ ဒသမ ၉တန်အား မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာစတိုအရောက်ဈေးနှုန်းဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** - ၂၇-၄-၂၀၂၂ရက်မှ ၁၀-၅-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၁၁-၅-၂၀၂၂ရက်(ရုံးချိန်အတွင်း)

**တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။

**တင်ဒါဖွင့်လှစ်မည့်ရက်** - သီးခြားအကြောင်းကြားပါမည်

၃။ ကတ္တရာဈေးနှုန်းအရ တန်အရေအတွက် ပြောင်းလဲမှုရှိနိုင်ပါသည်။

၄။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၃၉၁၅တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်နှင့် လမ်းအထူးအဖွဲ့(၆)တို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊ ဒီဇယ်ဆီ၊ ကျောက်ရွယ်စုံ၊ သံချောင်းရွယ်စုံနှင့် အခြားလုပ်ငန်းခွင်သုံးပစ္စည်းများ ဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - ၁/၂၀၂၂-၂၀၂၃

၁။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၄-၅-၂၀၂၂ ရက်၊ (ဗုဒ္ဓဟူးနေ့)မှ ၉-၅-၂၀၂၂ ရက်၊ (တနင်္လာနေ့)အထိ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ (ရုံးချိန်အတွင်း)

၂။ **တင်ဒါပုံစံရောင်းချ/တင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၆)၊ လမ်းဦးစီးဌာန၊ လားရှိုးမြို့
ဖုန်း-၀၈၂-၂၂၀၂၆၁၉၊ ၀၉-၄၂၈၈၆၅၇၅၆
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့
ဖုန်း-၀၈၂-၄၀၀၄၉၊ ၀၉-၄၂၅၉၆၁၅၅၂

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၅-၂၀၂၂ ရက်၊ (အင်္ဂါနေ့) ညနေ ၁၆:၃၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၅-၂၀၂၂ ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၀ နာရီ

၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့
ဖုန်း-၀၈၂-၄၀၀၄၉၊ ၀၉-၄၂၅၉၆၁၅၅၂

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

